# မန္တလေး နေ့စဉ်

*The Mandalay Daily*

၁၉၉၇ ခုနှစ် ဒိုင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၂၉၉)၊ ၁၃၈၇ ခုနှစ် ၊ သီတင်းကျွတ်လဆန်း ၁၁ ရက် ၊ ၂-၁၀-၂၀၂၅၊ ကြာသပတေးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားကျင်းပ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြား

## ရဲတပ်ဖွဲ့ဝင်များ၏ စွန့်လွှတ်စွန့်စားမှုများနှင့် တာဝန်ထမ်းဆောင်မှုကို နိုင်ငံတော်က အမြဲအလေးထားအသိအမှတ်ပြုပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိနှင့်စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များကို စိစစ်ချီးမြှင့်ဂုဏ်ပြုပေးလျက်ရှိ

နေပြည်တော် အောက်တိုဘာ ၁

(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားသည်။

အခမ်းအနားသို့ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ သံတမန်များ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ အငြိမ်းစားရဲအရာရှိကြီးများ၊ အနုပညာရှင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

စာမျက်နှာ ၃ သို့ ✻




ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စွမ်းရည်သတ္တိ ဂုဏ်ထူးဆောင်တံဆိပ်ရရှိသူတစ်ဦးအား ဂုဏ်ထူးဆောင်ဆုပေးအပ်ချီးမြှင့်စဉ်။

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

နေပြည်တော် အောက်တိုဘာ ၁

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)







ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၆၁)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

** ရှေ့ဖုံးမှ*

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို အလေးပြုကြပြီး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရင်း ကျဆုံးခဲ့ကြသော ရဲတပ်ဖွဲ့ဝင်များအား အမှတ်ရဂုဏ်ပြုသောအားဖြင့် (၁) မိနစ်ငြိမ်သက်ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မိန့်ခွန်းပြောကြားရာတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ကို ၁၉၆၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် **"ပြည်သူ့ရဲတပ်ဖွဲ့"** ဟုခေါ်ဝေါ်သတ်မှတ်ခဲ့ပြီး ရဲတပ်ဖွဲ့နေ့အဖြစ် စတင်သတ်မှတ်ခဲ့ကြောင်း၊ ၁၉၉၅ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် ပြည်သူ့ရဲတပ်ဖွဲ့မှ **"မြန်မာနိုင်ငံရဲတပ်ဖွဲ့"** ဟု ပြင်ဆင်သတ်မှတ်ခဲ့ကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် **"သစ္စာ၊ သမာဓိ၊ သတ္တိ"** ဆိုသည့် ဆောင်ပုဒ်ကို ဦးထိပ်ပန်ဆင်ထားပြီး ပြည်သူ့အကျိုးစီးပွားကိုပိုမိုဆောင်ကြဉ်းနိုင်သည့် ရဲတပ်ဖွဲ့ဖြစ်လာစေရန် ဆောင်ရွက်လျက်ရှိလာသည်မှာ ယခုအခါ (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ရောက်ရှိခဲ့ပြီ ဖြစ်ကြောင်း။ *စာမျက်နှာ ၄ သို့*

**မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ယနေ့ကာလတွင် ဒို့တာဝန်အရေး(၃) ပါးကို ဦးထိပ်ပန်ဆင်ပြီး အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက် (၄) ရပ် အောင်မြင်စေရေး အလေးထား ဆောင်ရွက်လျက်ရှိပြီး တပ်မတော်၊ ပြည်သူတို့နှင့်အတူ အကြမ်းဖက်မှု ချေမှုန်းရေးကိုလည်း ပိုမိုလက်တွဲ ပူးပေါင်းဆောင်ရွက်ရန် အလေးထားသွားကြရမည်ဖြစ်**



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်ရရှိသူတစ်ဦးအား ဂုဏ်ထူးဆောင်ဆု ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်ရရှိသူတစ်ဦးအား ဂုဏ်ထူးဆောင်ဆု ပေးအပ်ချီးမြှင့်စဉ်။

*စာမျက်နှာ ၃ မှ*

မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ယနေ့ကာလတွင် ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ပန်ဆင်ပြီး အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက် (၄)ရပ် အောင်မြင်စေရေး အလေးထားဆောင်ရွက်လျက်ရှိပြီး တပ်မတော်၊ ပြည်သူတို့နှင့်အတူ အကြမ်းဖက်မှုချေမှုန်းရေးကိုလည်း ပိုမိုလက်တွဲပူးပေါင်းဆောင်ရွက်ရန် အလေးထားသွားကြရမည်ဖြစ်ကြောင်း။

**အောင်မြင်အောင်အကောင်အထည်ဖော်**

ထို့ပြင် ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်ရေးဆိုသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်(၄)ရပ်နှင့် **ဖြစ်မှုများမဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရေး၊ ဖြစ်ပွားပြီးဖြစ်မှုများ စုံစမ်းဖော်ထုတ်တရားစွဲတင်ရေး၊ နိုင်ငံတော်အတွင်း စည်းကမ်းသေဝပ်တည်ငြိမ်ရေး၊ ပြည်သူလူထုလုံခြုံရေး၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ်ကို တားဆီးနှိမ်နင်းရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရေးဆို သည့် လုပ်ငန်းတာဝန် (၆) ရပ်ကိုလည်း အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်**သွားကြရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် မြန်မာနိုင်ငံဒေသအနှံ့အပြားက ပြည်သူများအကြားတွင် ပြည်သူနှင့်တိုက်ရိုက်ထိတွေ့ဆက်ဆံပြီး ပြည်သူများ၏ လူနေမှုဘဝတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်ပေးနေသည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ **ပြည်သူနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံနေရခြင်းဖြစ်သဖြင့် ရဲတပ်ဖွဲ့ဝင်များသည် ရဲတပ်ဖွဲ့၏ လုပ်ငန်းပိုင်းဆိုင်ရာအရည်အချင်း၊ အရည်အသွေးများအပြင် ပြည်သူ့ဆက်ဆံရေးနှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း နားလည်ကောင်းမွန်နေဖို့လိုကြောင်း။**

ပါတီစုံဒီမိုကရေစီ စနစ်ကျင့်သုံးသည့်နိုင်ငံများတွင် ရွေးကောက်ပွဲသည် အဓိကအကျဆုံး ဒီမိုကရေစီကျင့်စဉ်တစ်ရပ်ဖြစ်ကြောင်း၊ ယခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို စတင်ကျင်းပပြုလုပ်တော့မည်ဖြစ်ကြောင်း၊ ပြည်သူများလိုလားတောင့်တခဲ့သည့် ပါတီစုံဒီမိုကရေစီစနစ်ကို တပ်မတော်က ပြန်လည်ဖော်ဆောင်ခိုင်မာစေပြီး ပြည်သူ့လက်ကို အရောက်အပ်နှင်းတော့မည်ဖြစ်ကြောင်း၊ ထို့ကြောင့် **လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ပြည်သူ့လုံခြုံရေးကို အလေးထားဆောင်ရွက်ကြရန်နှင့် ပြည်သူအားလုံး ဝိုင်းဝန်းပူးပေါင်းကြိုးပမ်းဆောင်ရွက်ပေးကြရန်** မှာကြားလိုကြောင်း။

**ဖြေရှင်းဆောင်ရွက်သွားရမည်**

နိုင်ငံဖြတ်ကျော်မှုခင်းများသည် နိုင်ငံများ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်လုံခြုံရေးတို့အတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်နေကြောင်း၊ အဆိုပါမှုခင်းများကို နိုင်ငံတစ်နိုင်ငံတည်းက ဖြေရှင်းဆောင်ရွက်နိုင်ခြင်း မဟုတ်သည့်အတွက် နိုင်ငံများအကြား ပေါင်းစပ်ညှိနှိုင်းချိတ်ဆက်တုံ့ပြန်မှုနှင့် ဖြေရှင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဒေသအဆင့် ကြိုးပမ်းဆောင်ရွက်မှုများအနေဖြင့် ဒေသဆိုင်ရာရဲအဖွဲ့များ ဖွဲ့စည်းပြီး နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးကို ဆောင်ရွက်ပေးနေသကဲ့သို့ အပြည်ပြည်ဆိုင်ရာရဲအဖွဲ့ (INTERPOL) နှင့် ပူးပေါင်းဆောင်ရွက်နေကြောင်း။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ ဩဂုတ်လ ၃၁ ရက်နေ့အတွင်း မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးနှင့်ပတ်သက်သူ တရားခံ ၅၁၁၅ ဦးကို စုစုပေါင်းတန်ဖိုးငွေကျပ် ၉၇၇ ဘီလီယံကျော်ရှိသည့် မူးယစ်ဆေးဝါး၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ **ယခုကဲ့သို့ကမ္ဘာကို ဒုက္ခပေးနေသည့် မူးယစ်ဆေးဝါးများ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည့်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို ချီးကျူးဂုဏ်ပြုသည်**ကို ပြောကြားလိုကြောင်း၊ မြန်မာနိုင်ငံတွင်ယခင်က ထိန်းချုပ်ဓာတုပစ္စည်း ၃၉ မျိုးကို ထိန်းချုပ်ခဲ့ရာမှ ယခုထိန်းချုပ်ဓာတုပစ္စည်း လေးမျိုး ထပ်တိုးပြီး စုစုပေါင်း ၄၃ မျိုးကို ထုတ်ပြန်ထားကြောင်း၊ မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးထိန်းချုပ်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် ကျရောက်သည့် (၃၈) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ မီးရှို့ဖျက်ဆီးပွဲတွင် မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်း ၆၆ မျိုး၊ စုစုပေါင်းငွေကျပ် ၁၀၇၂ ဘီလီယံကျော်နှင့် အမေရိကန်ဒေါ်လာ ၂၉၇ သန်း



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်ရရှိသူတစ်ဦးအား ဂုဏ်ထူးဆောင်ဆု ပေးအပ်ချီးမြှင့်စဉ်။

ကျော်တန်ဖိုးရှိသည့် မူးယစ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများကို မီးရှို့ဖျက်ဆီးနိုင်ခဲ့ကြောင်း။

**ပူးပေါင်းဆောင်ရွက်**

**မူးယစ်ဆေးသည် လူသားမျိုးနွယ်တစ်ခုလုံးကို လူညွန့်တုန်းစေမည့်အန္တရာယ်ဖြစ်သဖြင့် မူးယစ်ဆေးထုတ်လုပ်နိုင်သည့် အရင်းအမြစ်များကအစ ဖော်ထုတ်ရှင်းလင်းသွားနိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်**ကြောင်း၊ မူးယစ်ဆေးကို အမျိုးသားရေးခြိမ်းခြောက်မှုတစ်ရပ်အဖြစ် ပြည်သူလူထုတစ်ရပ်လုံးက ဝိုင်းဝန်းဆန့်ကျင်လာစေရေး ပညာပေးခြင်း၊ ဆန့်ကျင်ခြင်း၊ နှိမ်နင်းခြင်းတို့ကိုလည်း ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ၁၉၉၇ ခုနှစ်ကတည်းက စတင်ဆောင်ရွက်ခဲ့သည်မှာ ယခုအခါ စတုတ္ထ ၅ နှစ်စီမံကိန်း(၂၀၂၂-၂၀၂၆) ခုနှစ်ကို မဟာဗျူဟာ(၃) ရပ်၊ နည်းဗျူဟာ (၄) ရပ်၊ လုပ်ငန်းကဏ္ဍ (၄) ရပ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

**နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ခဲ့**

ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ၊ နည်းဥပဒေများအရ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လအထိ အမှုပေါင်း ၇၂ မှု စစ်ဆေးခဲ့ပြီး ပြစ်မှုကျူးလွန်သူ ကျား (၃)ဦးတို့ကိုပြစ်ဒဏ်ချမှတ်နိုင်ခဲ့ကာ မြန်မာငွေကျပ် ၄ ဒသမ ၆၀၅ ဘီလီယံခန့်ကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ခဲ့ကြောင်း၊ တရားမဝင်အွန်လိုင်းဂိမ်းနှင့် အွန်လိုင်းငွေကြေးလိမ်လည်မှုတို့ကို အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေဖြင့် အရေးယူမှု ၁၆၂ မှု၊ တရားခံ ကျား ၁၈၈၂ ဦး၊ တရားခံမ ၆၀၉ ဦး၊ စုစုပေါင်း ၂၄၉၁ ဦးကို အရေးယူနိုင်ခဲ့ကြောင်း။

**ရဲတပ်ဖွဲ့ဝင်များ၏ စွန့်လွှတ်စွန့်စားမှုများနှင့် တာဝန်ထမ်းဆောင်မှုကို နိုင်ငံတော်က အမြဲအလေးထားအသိအမှတ်ပြုပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များကို စိစစ်ချီးမြှင့် ဂုဏ်ပြုပေးလျက်ရှိ**ကြောင်း၊ **မိမိကျရာကဏ္ဍတွင် တာဝန်ကျေပွန်စွာထမ်းဆောင်ရင်း အသက်ပေးလှူခြင်းနှင့် ကိုယ်အင်္ဂါအစိတ်အပိုင်း စွန့်လွှတ်သွားခဲ့ရသည့် ရဲတပ်ဖွဲ့ဝင်များ၏ ဖွဲ၊ လုံ့လ၊ စိတ်ဓာတ်၊ ကြိုးပမ်းမှုများအပေါ်တွင်လည်း ဂုဏ်ယူလေးစားပါကြောင်းနှင့် မိသားစုများကိုလည်း အသိအမှတ်ပြုသည်ကို ပြောကြားလိုကြောင်း။**

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်နေ့မှယနေ့ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့အထိ ရဲသူရတံဆိပ် ၅ ဦး၊ ရဲဗလတံဆိပ် ၂၀၊ သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် တစ်ဦး၊ ရဲသူရိန်တံဆိပ် ၁၀ ဦး၊ ရဲကျော်စွာတံဆိပ်နှစ်ဦးအပါအဝင် စုစုပေါင်း ၄၅၈၇ ဦးတို့ကို ဂုဏ်ပြုချီးမြှင့်ပေးခဲ့ကြောင်း။ *စာမျက်နှာ ၅ သို့*



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၆၁)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ခင်းကျင်းပြသထားသည့်ပြခန်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုစဉ်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

*စာမျက်နှာ ၄ မှ*

၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့က လှုပ်ခတ်ခဲ့သည့် အင်အားပြင်းမန္တလေးငလျင်ဖြစ်စဉ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုဖြစ်ပွားခဲ့သည့် ဒေသများတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များအနေဖြင့် တပ်မတော်၊ ဒေသခံပြည်သူလူထု၊ သက်ဆိုင်ရာဒေသအလိုက် မိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး အရေးပေါ်တုံ့ပြန်မှုအား အမြန်ဆုံးဆောင်ရွက်နိုင်ခဲ့သည့်အတွက်လည်း ချီးကျူးဂုဏ်ပြုသည်ကို ပြောကြားလိုကြောင်း။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် အဆင့်အတန်းအားလုံးအနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို **"မျိုးချစ်စိတ်ရှိရမည်၊ စွမ်းရည်ပြည့်ဝရမည်၊ ခေတ်မီရမည်"** ဆိုသည့် မျှော်မှန်းချက်များနှင့် ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်သွားကြရန်၊ ထိုသို့တည်ဆောက်ရာတွင် ခေတ်မီလက်နက် အသုံးအဆောင်ပစ္စည်းများစသည်များကို ခေတ်ကာလနှင့် လျော်ညီအောင် နိုင်ငံတော်က တိုးမြှင့်ဖြည့်ဆည်းဆောင်ရွက်ပေးနေသကဲ့သို့ တပ်ဖွဲ့ဝင်တစ်ဦးချင်းစီကလည်း အဖွဲ့အစည်းကောင်းတစ်ခု၏ အနှစ်သာရဖြစ်သည့် စွမ်းရည်မြင့်မားရေး၊ အရည်အသွေးပြည့်မီစေရေးတို့အတွက် စဉ်ဆက်မပြတ် လေ့ကျင့်ဖြည့်ဆည်းဆောင်ရွက်သွားကြရန်၊ ပြည်သူလူထုနှင့် အနီးကပ်ဆက်သွယ်ဆက်ဆံနေထိုင်ရသည့် အဖွဲ့အစည်းဖြစ်သည်နှင့်အညီ ပြည်သူ့ဆက်ဆံရေး၊ ပြည်သူ့စည်းရုံးရေးတို့ကို ပြည်သူနှင့်တစ်ဆက်တည်းဖြစ်အောင် ဆောင်ရွက်သွားကြရန်၊ ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ပန်ဆင်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရည်မှန်းချက်တာဝန် (၄) ရပ်နှင့် လုပ်ငန်းတာဝန်(၆)ရပ်တို့ကို အောင်မြင်အောင် ကြိုးစားအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် မှတ်တမ်း Video Clip ကိုပြသသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်ရရှိသူ တပ်ဖွဲ့ဝင် လေးဦးကိုလည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်ရရှိသူ သုံးဦးကို လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်ရရှိသူ တစ်ဦးနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ပြုဆုတံဆိပ်ရရှိသူ နှစ်ဦးကိုလည်းကောင်း ဂုဏ်ထူးဆောင်ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် မှတ်တမ်းဓာတ်ပုံများ၊ တပ်ဖွဲ့/ဌာနများတွင် အသုံးပြုလျက်ရှိသည့် စက်ကိရိယာများ၊ နည်းပညာဆိုင်ရာပစ္စည်းများ၊ လက်နက်များ၊ ဝတ်စုံများ၊ ဆက်သွယ်ရေးပစ္စည်းများ၊ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့် ပြခန်းများအတွင်း စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း IFRC ၏ ဒုတိယအထွေထွေအတွင်းရေးမှူးအား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁**

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်းသည် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီများဖက်ဒရေးရှင်း(IFRC) အဖွဲ့၏ ဒုတိယအထွေထွေအတွင်းရေးမှူး Mr. Milton Xavier Castellanos Mosquera အား ယနေ့မွန်းလွဲပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်**

တွေ့ဆုံစဉ် IFRC အဖွဲ့မှ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ခဲ့ရမှုများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှတစ်ဆင့် ပံ့ပိုးကူညီနေသည့် ကိစ္စရပ်များ၊ IFRC မှ ပဏာမကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ရေနှင့်သန့်ရှင်းရေးဆိုင်ရာကိစ္စရပ်များတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဆောင်ရွက်လျက်ရှိသည့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးသည့်ကိစ္စရပ်များတွင် ပံ့ပိုးပေးလျက်ရှိသည့်အခြေအနေများ၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် IFRC တို့အကြား ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များကို ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။(ယာပုံ)

**တက်ရောက်**

တွေ့ဆုံပွဲသို့ ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ



မျိုးညွန့်၊ မြန်မာနိုင်ငံဆိုင်ရာ IFRC ရုံးမှ ဌာနေကိုယ်စားလှယ်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ အခြေခံစစ်ပညာသင်တန်းနှင့် တန်းမြင့်စစ်ပညာသင်တန်း စခန်းချလေ့ကျင့်

**နေပြည်တော် အောက်တိုဘာ ၁**

တက္ကသိုလ်များတွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများကို အခြေခံစစ်ပညာနှင့် တန်းမြင့်စစ်ပညာသင်တန်းများ စခန်းချလေ့ကျင့်ပေးခြင်းဖြင့် နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာ အသိအမြင်များရရှိ၍ အနာဂတ်နိုင်ငံတော်၏တာဝန်များ ထမ်းဆောင်သည့်အခါတွင် အထောက်အကူရရှိကာ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ပိုမိုရင့်သန်လာစေရန်နှင့် ယုံကြည်ချက်၊ ခံယူချက်မြင့်မားပြီး အရည်အချင်းပြည့်ဝစေရန် ရည်ရွယ်ချက်ဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့စစ်နှင့် နယ်ခြားတပ်များညွှန်ကြားရေးမှူးရုံး၏ တက္ကသိုလ်လေ့ကျင့်ရေးတပ်များ၌ ကိုယ်တိုင်ဆန္ဒပြုသည့် တက္ကသိုလ်လေ့ကျင့်ရေး တပ်ဖွဲ့ဝင်



ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား လေ့ကျင့်ရေးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ ဖွင့်လှစ်ပေးလျက်ရှိရာ ယနေ့တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင်များ၏ အခြေခံစစ်ပညာသင်တန်းနှင့် တန်းမြင့်စစ်ပညာသင်တန်းဖွင့်ပွဲများကို နေပြည်တော်ကောင်စီနယ်မြေ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ဗထူးတပ်မြို့၊ မွန်ပြည်နယ် ချောင်းဆုံမြို့၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တို့ရှိ နယ်မြေခံသင်တန်းကျောင်းများ၌ ကျင်းပကြသည်။

အဆိုပါသင်တန်းဖွင့်ပွဲများသို့ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များ၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများ၊ သင်တန်းတာဝန်ခံအရာရှိများ၊ သင်တန်းဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက အမှာစကားများ ပြောကြားကြသည်။

ထို့နောက် တိုင်းမှူးများနှင့် တက်ရောက်လာကြသူများက သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ကျောင်းသား ကျောင်းသူများ၏ ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။ ယင်းနောက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဂုဏ်ပြုချီးမြှင့်ငွေများနှင့် အားကစားပစ္စည်းများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယခုဖွင့်လှစ်သော သင်တန်းများအနေဖြင့် ပထမနှစ်အခြေခံစစ်ပညာသင်တန်း၊ ဒုတိယနှစ် အခြေခံစစ်ပညာသင်တန်း၊ ပထမနှစ် တန်းမြင့်စစ်ပညာသင်တန်းနှင့် ဒုတိယနှစ် တန်းမြင့်စစ်ပညာသင်တန်း တို့ဖြစ်ပြီး သာမန်သင်တန်းချိန်နှင့် စခန်းချလေ့ကျင့်ချိန်အလိုက် သင်ကြားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှနှင့် ကော်မရှင်အဖွဲ့ဝင်များ(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားတွင် အနုပညာရှင်များ သီဆိုကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။

# (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပ

နေပြည်တော် အောက်တိုဘာ ၁

**(၆၁) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။**

အခမ်းအနားသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့် ဇနီး၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်နှင့်ရဲတပ်ဖွဲ့ဝင်များ၊ အငြိမ်းစားရဲအရာရှိကြီးများ၊ အနုပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများအား တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

### ဂုဏ်ပြုညစာ အတူတကွ သုံးဆောင်

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီးနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ဂုဏ်ပြုညစာ မသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲတီးဝိုင်းနှင့် ဖျော်ဖြေရေးဌာနခွဲမှ တပ်ဖွဲ့ဝင်များ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များက တေးသံသာများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

### ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်

ဂုဏ်ပြုညစာသုံးဆောင်အပြီးတွင် သီဆိုတီးမှုတ်ဖျော်ဖြေခဲ့ကြသည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ ရဲတီးဝိုင်းနှင့်ဖျော်ဖြေရေးဌာနခွဲမှ တပ်ဖွဲ့ဝင်များနှင့် အနုပညာရှင်များအား နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်ဇနီးတို့က ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ ရဲတီးဝိုင်းနှင့်ဖျော်ဖြေရေးဌာနခွဲမှ တပ်ဖွဲ့ဝင်များနှင့် အနုပညာရှင်များကို ဂုဏ်ပြုပန်းခြင်း ပေးအပ်ချီးမြှင့်စဉ်။

## မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားတက်ရောက်

**နေပြည်တော် အောက်တိုဘာ ၁**

(၆၁) နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိမင်္ဂလာသီရိဟိုတယ်၌ ကျင်းပရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး၊ ဒုတိယရဲချုပ်များ၊ ရဲအရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ အနုပညာရှင်များ၊ ဆုရရှိသူများနှင့်ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။





အခမ်းအနားတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုးက မိန့်ခွန်းပြောကြားပြီး စံပြရဲအဆင့်တိုးဆုရရှိသူ အရာရှိ တစ်ဦး၊ အခြားအဆင့်နှစ်ဦးနှင့် စွမ်းရည်သတ္တိအတွက်ရာထူးအဆင့်တိုးဆုရရှိသူ အရာရှိ တစ်ဦး၊ စွမ်းဆောင်မှုအတွက်ရာထူးအဆင့်တိုးဆုရရှိသူ အရာရှိ လေးဦးတို့ကို ဂုဏ်ပြုဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ပြီး အနုပညာရှင် ကိုယ်စားလှယ်တစ်ဦးကို ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ယင်းနောက် ဒုတိယရဲချုပ်(၁) ရဲဗိုလ်ချုပ် ဝင်းဗိုလ်က စွမ်းရည်သတ္တိအတွက် ရာထူးအဆင့်တိုးဆုရရှိသူ အခြားအဆင့် တစ်ဦး၊ စွမ်းဆောင်မှုအတွက် ရာထူးအဆင့်တိုးဆုရရှိသူ အခြားအဆင့် ကိုးဦး၊ ဒုတိယရဲချုပ်(၂) ရဲဗိုလ်ချုပ် မျိုးမင်းထိုက်က ရုံးဝန်ထမ်းထူးချွန်ဆုရရှိသူ တပ်ဖွဲ့ဝင် ခုနစ်ဦးနှင့် ဝတ်စားဆင်ယင်မှု အကောင်းဆုံးဆုရ တပ်ဖွဲ့ဝင် ခြောက်ဦး၊ ရဲချုပ်၏ ဇနီးက အမျိုးသမီးစွမ်းဆောင်ရှင်ဆုရရှိသူ အမျိုးသမီးတစ်ဦးတို့ကို ဂုဏ်ပြုဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ပြီး (၆၁) နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် Video Clip ကိုပြသခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၁**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန် ၈၇ ရက် သာ လိုတော့သည်။

## မဲစာရင်းတွင်အမည်ပါရှိရေး ဆောင်ရွက်ရန်အချက်များ

- ❖ မဲဆန္ဒရှင်တစ်ဦးသည် မိမိ၏အိမ်ထောင်စုလူဦးရေစာရင်း၊ ပုံစံ (၆၆/၆) ရှိသည့် ရပ်ကွက်၊ ကျေးရွာအုပ်စုမဲစာရင်းတွင်သာ မိမိ၏အမည် ပါဝင်မည်ဖြစ်သည်၊
- ❖ မဲစာရင်းများကပ်ထားကြေညာသည့်အခါ သွားရောက်ကြည့်ရှုပြီး မဲစာရင်း၌ မိမိအမည်ပါဝင်ခြင်းမရှိလျှင် ထည့်သွင်းပေးရန် တောင်းဆိုလွှာ ပုံစံ (၃) ဖြင့်လည်းကောင်း၊ မဲစာရင်းပါအမည်နှင့် အခြားအချက်အလက်များအား ကန့်ကွက်ရန်ရှိပါက ကန့်ကွက်လွှာပုံစံ (၄) ဖြင့်လည်းကောင်း၊ မဲစာရင်းပါအချက်အလက်တစ်ခုခုကို ပြင်ဆင်ရန်ရှိပါက ပြင်ဆင်လွှာ ပုံစံ (၄-က) ဖြင့် လည်းကောင်း မဲစာရင်းထုတ်ပြန်ကြေညာသည့်နေ့မှစ၍ ၁၄ ရက်အတွင်း သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြဆောင်ရွက်ရန်၊
- ❖ မဲဆန္ဒနယ်တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များ၏ မဲစာရင်းတွင် မိမိ၏အမည်ပါရှိနေပါက လက်ရှိနေထိုင်ရာ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) ရှိသည့် မဲဆန္ဒနယ်တွင်သာ မဲပေးရမည်။ အခြားမဲဆန္ဒနယ်၏ မဲစာရင်းမှ မိမိအမည်ကို ပယ်ဖျက်ပေးရန် သက်ဆိုင်ရာ ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြဆောင်ရွက်ရန်၊
- ❖ မဲဆန္ဒနယ်တစ်ခုအတွင်းတွင်ရှိသော ရပ်/ကျေးတစ်ခုထက်ပိုသည့် မဲစာရင်းများတွင် မိမိ၏ အမည်ပါရှိနေပါက လက်ရှိနေထိုင်ရာ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) ရှိသည့် ရပ်/ကျေးတွင်သာ မဲပေးရမည်။ အခြား ရပ်/ကျေးမဲစာရင်းမှ မိမိအမည်ကို ပယ်ဖျက်ပေးရန် သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြဆောင်ရွက်ရန်၊

## မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

မဲစာရင်းများကို ၃၀-၉-၂၀၂၅ ရက်နေ့မှ ၁၃-၁၀-၂၀၂၅ ရက်နေ့အထိ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ပထမအကြိမ် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ (၃) ဖြင့် တောင်းဆိုပါ။ အမည်နှင့် အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ (၄) ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များ ပြင်ဆင်ရန်ရှိပါက ပုံစံ (၄-က) ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

## ရွေးကောက်ပွဲတွင် ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်မဲပေးနိုင်သည်

ယာယီနေရပ်စွန့်ခွာနေရသူများသည် မိမိတို့၏ နေရပ်ရင်း မဲဆန္ဒနယ်အတွက် ကြိုတင်မဲပေးနိုင်ရန် ပုံစံ (၁၅) များကို မိမိတို့ ရောက်ရှိရာဒေသ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် အခမဲ့ရယူ၍ ၁၂-၁၀-၂၀၂၅ ရက်နေ့ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

## ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း၏ အမျိုးသားအဆင့် အသင်းအဖွဲ့ဖွံ့ဖြိုးမှုနှင့် ညှိနှိုင်းမှုဆိုင်ရာ Under-Secretary-General Mr. Milton Xavier Castellanos Mosquera အား လက်ခံတွေ့ဆုံ



နေပြည်တော် အောက်တိုဘာ ၁

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း (IFRC) ၏ အမျိုးသားအဆင့်အသင်းအဖွဲ့ ဖွံ့ဖြိုးမှုနှင့် ညှိနှိုင်းမှုဆိုင်ရာ Under-Secretary-General Mr. Milton Xavier Castellanos Mosquera အား ယနေ့ ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။(ယာပုံ)

တွေ့ဆုံစဉ် IFRC ၏ Under-Secretary-General က မန္တလေးငလျင်ကြီးအပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် IFRC နှင့် MRCS တို့ ပူးပေါင်း၍ အကူအညီပေးအပ်နေသည့် အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအပေါ် ဆွေးနွေးပြောကြားခဲ့သည်။

အစည်းအဝေးသို့ IFRC ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Nadia Khoury၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာမျိုးညွှန့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

## ကြက်မောက်တောင်ရေလှောင်တမံ ကြံ့ခိုင်မှုနှင့် ဆက်စပ်ရေအားအဆောက်အအုံများ ကြည့်ရှုစစ်ဆေး



နေပြည်တော် အောက်တိုဘာ ၁

တိုင်ဖွန်းမုန်တိုင်း (BUALOI) အကြွင်းအကျန်များ အရှိန်ကြောင့် မြန်မာနိုင်ငံအတွင်း တိုင်းဒေသကြီး၊ ပြည်နယ်အချို့တွင် နေရာကွက်ပြီး မိုးများရွာသွန်းလျက်ရှိသော်လည်း ဆည်တမံများ ရေဝင်ရောက်မှုနှင့် တမံကြံ့ခိုင်မှုကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တာဝန်ရှိသူများက အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်စစ်ဆေးလျက်ရှိရာ တမံများ၏ ဘေးကင်းလုံခြုံမှုအတွက် စိုးရိမ်ဖွယ်မရှိကြောင်း သိရသည်။

ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ မန္တလေး တိုင်းဒေသကြီး ကျောက်ပန်းတောင်း မြို့နယ် ကြက်မောက်တောင် ရေလှောင်တမံ၏ စီးဝင်ချောင်းများတွင် မိုးများရွာသွန်း၍ ရေလှောင်ကန်အတွင်း စီးဝင်ရေများပြားပြီး ရေလှောင်တမံ၏ ရေပိုလွှဲမှ ရေကျော်စီးဆင်းလျက်ရှိရာ ရေလှောင်တမံရေဝင်ရောက်မှုအခြေအနေနှင့် ဆက်စပ်ရေအား အဆောက်အအုံကြံ့ခိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများက ကြက်မောက်တောင်ရေလှောင်တမံအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လက်ရှိရေသိုလှောင်ထားရှိမှုပမာဏအရ တမံကြံ့ခိုင်မှုနှင့် ဘေးကင်းလုံခြုံမှုစိတ်ချကောင်းမွန်မှုရှိသော်လည်း သတ်မှတ်ထားသည့် စောင့်ကြည့်ထိန်းသိမ်းရေး လုပ်ငန်းများကို ကြပ်ကြပ်မတ်မတ် ဆောင်ရွက်ရန်နှင့် ရေလှောင်တမံ ကြံ့ခိုင်မှုနှင့် ဆက်စပ်ရေအား အဆောက်အအုံများကို စဉ်ဆက်မပြတ် စောင့်ကြည့်စစ်ဆေးခြင်း၊ အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှုစီမံချက် (Emergency Preparedness Plan -EPP)ပါ လုပ်ငန်းစဉ်များအတိုင်း တိတိကျကျ လိုက်နာဆောင်ရွက်ကြရန်နှင့် ရေပြန်လည်ကျဆင်းချိန် စစ်ဆေးဆောင်ရွက်ရမည့် လုပ်ငန်းများအား စနစ်တကျ ဆက်လက်ဆောင်ရွက်ကြရန်၊ ကန်ရေပြည့် ရေလှောင်ပမာဏထက် ရေပိုမိုသိုလှောင်နိုင်ရေး စီမံဆောင်ရွက်ရန်၊ ယခင်နှစ်များထက် ရေပိုမိုသိုလှောင်ထားရှိနိုင်မည်ဖြစ်သည့်အတွက် စိုက်ပျိုးဧရိယာ တိုးချဲ့ရေပေးဝေနိုင်ရေးနှင့် သီးထပ်စိုက်ပျိုးနိုင်ရေး သက်ဆိုင်ရာဦးစီးဌာနများ ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

မန္တလေး တိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်အတွင်း တည်ရှိသည့် ကြက်မောက်တောင် ရေလှောင်တမံသည် ယခုနှစ် မိုးရွာသွန်းမှု ကောင်းမွန်မှန်ကန်မှုရှိခဲ့သဖြင့် စက်တင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီတွင် ကန်ရေပြည့်မှတ်သို့ ရောက်ရှိခဲ့ပြီး စက်တင်ဘာ ၃၀ ရက် မွန်းလွဲ ၃ နာရီတွင် ရေပိုလွှဲမှ အမြင့်ဆုံး ၃ ဒသမ ၄၀ ပေအထိ ရေကျော်စီးဆင်းလျက်ရှိခဲ့သော်လည်း ယနေ့ အောက်တိုဘာ ၁ ရက်တွင် ရေပိုလွှဲမှ အမြင့်ပေ ၂ ဒသမ ၇ ပေသာ ရေကျော်မှုရှိသောကြောင့် ရေအမှတ်များ ပြန်လည်ကျဆင်းလျက်ရှိသည်။

အလားတူ ရေလှောင်တမံအောက်ပိုင်း မိတ္ထီလာ-ကျောက်ပန်းတောင်း ကားလမ်းမှာလည်း စက်တင်ဘာ ၃၀ ရက် ညနေပိုင်းတွင် ကားလမ်းမပေါ် ရေနှစ်ပေခန့်ကျော်ခဲ့ပြီး ယနေ့ နံနက်ပိုင်းမှ စတင်၍ ရေကျော်မှု လျော့နည်းလာသဖြင့် မော်တော်ယာဉ်ငယ်လေးများပါ ဖြတ်သန်းမောင်းနှင်လျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ကြက်မောက်တောင် ရေလှောင်တမံအနီးဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ လိုအပ်သည်များကို သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



တပ်မတော်စစ်ကြောင်းများက ကျောက်မဲမြို့အဝင်ဂိတ်နေရာအား သိမ်းပိုက်ရရှိမှု။



တပ်မတော်စစ်ကြောင်းများက ကျောက်မဲခရိုင် ပြည်သူ့ဆေးရုံကြီးအား သိမ်းပိုက်ရရှိမှု။

◆ စာမျက်နှာ ၂၄ မှ

လိုအပ်သည့် နယ်မြေရှင်းလင်းရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ အဆိုပါလမ်းကြောင်းတွင် စစ်ဗျူဟာအရ အဓိကအရေးပါသည့် ဂုတ်တွင်းတံတား၊ နောင်ပစ်ကျေးရွာ၊ ကညင်ကုန်းကျေးရွာ၊ ဇီးပင်ကြီးကျေးရွာနှင့် နောင်ပိန်ကျေးရွာတို့အား ပထမအဆင့် ထိန်းချုပ်နိုင်ရေး မြေပြင်အနေအထားအရ အခက်အခဲ အတားအဆီးများစွာရှိသည့် ဂုတ်တွင်းတံတား၊ ဂုတ်ထိပ်မီးရထားလမ်းတံတားနှင့် ရွှေခင်းသာအပါအဝင် ပထမအဆင့် ထိန်းချုပ်ရမည့် အရေးကြီးနေရာများအား TNLA နှင့် မဟာမိတ်များ မမျှော်လင့်သောလမ်းကြောင်းမှ ချဉ်းကပ်ထိုးဖောက်လျက် ဩဂုတ် ၂၉ ရက်တွင် ပြန်လည်သိမ်းပိုက် ထိန်းချုပ်နိုင်ခဲ့သည်။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) ခရိုင်မြို့တော်ကြီးတစ်ခုဖြစ်သည့် ကျောက်မဲမြို့အား အမြန်ဆုံးသိမ်းပိုက်နိုင်ရေးနှင့် နောင်ချို-ကျောက်မဲ လမ်းပိုင်းအမြန်ဆုံးဖွင့်လှစ်နိုင်ရေး၊ TNLA နှင့် DPLA၊ PDF အမည်ခံ ပူးပေါင်းအကြမ်းဖက်သောင်းကျန်းသူများအား တိုက်ခိုက်ချေမှုန်းနိုင်ရေးအတွက် လိုအပ်သည့် ပြင်ဆင်စုဖွဲ့မှုများဆောင်ရွက်ခဲ့ပြီး စက်တင်ဘာ ၉ ရက်မှစ၍ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေးဖြင့် မြေပြင်/ဝေဟင် ပေါင်းစပ်ညှိနှိုင်းကာ စစ်ကြောင်းများခွဲ၍ တန်ပြန်တိုက်စစ်များဖြင့် အဆင့်ဆင့် ထိုးဖောက်တိုက်ခိုက် ချေမှုန်းမှုဆောင်ရွက်ခဲ့ရာ ၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၀ ရက်တွင် မန်ကွတ်ကျေးရွာ၊ စက်တင်ဘာ ၁၂ ရက်တွင် ပပုတ်ကျေးရွာ၊ စက်တင်ဘာ ၁၃ ရက်တွင် ခေးလောင်းကျေးရွာ၊ စက်တင်ဘာ ၁၅ ရက်တွင် ပန်းမလွတ်ကျေးရွာ၊ စက်တင်ဘာ ၁၇ ရက်တွင် ပိတက်ကျေးရွာနှင့် ပံတီးကျေးရွာ၊ စက်တင်ဘာ ၁၈ ရက်တွင် ကောင်းမှုလိန်ကျေးရွာ၊ စက်တင်ဘာ ၁၉ ရက်တွင် မန်ပန်ကျေးရွာ၊ စက်တင်ဘာ ၂၀ ရက်တွင် ပွိုင့်-၁၂၁၂ တောင်ကုန်း၊ ခိုက်တုန်ဟုန်းကျေးရွာနှင့် ကုန်းကော်ကျေးရွာ၊ စက်တင်ဘာ ၂၁ ရက်တွင် တောင်ဆေးလိပ်ကျေးရွာ(တောင်ပိုင်း)၊ တောင်ဆေးလိပ်ကျေးရွာ (မြောက်ပိုင်း)၊ စက်တင်ဘာ ၂၂ ရက်တွင် နားအိုက်ခမ်းကျေးရွာ၊ စက်တင်ဘာ ၂၅ ရက်တွင် မြင်းကွင်းကျေးရွာနှင့် နားချောင်းကျေးရွာ၊ စက်တင်ဘာ ၂၇ ရက်တွင် ခမ်းဆာကျေးရွာနှင့် မန်လွယ်ကျေးရွာ၊ စက်တင်ဘာ ၂၉ ရက်တွင် ပင်တီးကျေးရွာ၊ စခန်းသာကျေးရွာ၊ လုံဝယ်ကျေးရွာ၊ နမ့်ဟူးကျေးရွာ၊ ပေါက်အံလေးကျေးရွာနှင့် ပေါက်အံကြီးကျေးရွာ၊ စက်တင်ဘာ ၃၀ ရက်တွင် နမ့်ဆောကျေးရွာ၊ ခိုမောင်းကျေးရွာနှင့် ကောင်းအိုက်ကျေးရွာတို့နှင့် ၎င်းကျေးရွာများ အနီးတစ်ဝိုက်ရှိ ရန်သူ့စခန်းကုန်းများကို အဆင့်ဆင့် ပြန်လည်သိမ်းပိုက်ရရှိခဲ့ပြီး ယနေ့ အောက်တိုဘာ ၁ ရက် ညနေ ၄ နာရီခန့်တွင် အကြမ်းဖက်သောင်းကျန်းသူများ ခေတ္တထိန်းချုပ်၍ နယ်မြေခံတိုင်းရင်းသားများအပေါ် မတရားဖိနှိပ်ချုပ်ချယ်ထားသည့် ကျောက်မဲမြို့အား ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည့်အတွက် ၎င်းတို့၏ ပလောင်ပြည်နယ်ရရှိရေး စိတ်ကူးယဉ်အိပ်မက်များတွင်ပါဝင်သည့် မြို့/ရွာများအား တပ်မတော်စစ်ကြောင်းများက တစ်မြို့ပြီးတစ်မြို့ ပြန်လည်ထိန်းချုပ်ပြီး ၎င်းတို့၏စိတ်ကူးယဉ် အိပ်မက်များကို တစ်ခုပြီးတစ်ခု ရိုက်ချိုးနိုင်ခဲ့ကာ ကျောက်မဲ-နောင်ချို-ပြင်ဦးလွင် ပြည်ထောင်စုကားလမ်းပိုင်းအား ပြန်လည်စိုးမိုး ထိန်းချုပ်နိုင်ခဲ့ပြီးဖြစ်သည်။

ထိုသို့ အဆင့်ဆင့်ပြန်လည်တိုက်ခိုက်ထိန်းချုပ်ခဲ့ရာ စစ်ဆင်ရေးကာလ ၂၁ ရက်တာကာလအတွင်း အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး ၃၆ ကြိမ်၊ ထိတွေ့မှုပေါင်း ၇၆ ကြိမ်၊ စုစုပေါင်း ၁၁၂ ကြိမ် ဖြစ်ပွားခဲ့ပြီး ရန်သူ့ထံမှ အလောင်း ၆၁ လောင်း၊ လက်နက် ၄၁ လက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ သိမ်းပိုက်ရရှိခဲ့ပြီး တပ်မတော်မှ အရာရှိ၊ စစ်သည်အချို့ ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရှိရသည်။

စာမျက်နှာ ၉ သို့



တပ်မတော်စစ်ကြောင်းများက ကျောက်မဲမြို့နယ် ရဲစခန်းအား သိမ်းပိုက်ရရှိမှု။



တပ်မတော်စစ်ကြောင်းများအား ဒေသခံတိုင်းရင်းသားပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုနေကြသည်ကို တွေ့ရစဉ်။





ရန်သူ့ထံမှ လက်နက်/ခဲယမ်းများအား သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။





ရန်သူ့အလောင်း/လက်နက်များအား သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။



TNLA အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက ကျောက်မဲမြို့မ ရဲစခန်းအား မီးရှို့ဖျက်ဆီးမှုကို တွေ့ရစဉ်။



TNLA အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက ကျောက်မဲမြို့နယ် မီးသတ်ရုံးအား မီးရှို့ဖျက်ဆီးမှုကို တွေ့ရစဉ်။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ကျောက်မဲမြို့အား ပြန်လည်ထိန်းချုပ်။



အကြမ်းဖက်သောင်းကျန်းသူများ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် ဂုတ်တွင်းတံတားအား တပ်မတော်က ပြန်လည်ပြုပြင်တည်ဆောက်ခဲ့မှုကို တွေ့ရစဉ်။


*စာမျက်နှာ ၈ မှ*

TNLA ၊ DPLA နှင့် PDF အမည်ခံ အကြမ်းဖက်လက်နက်ကိုင် သောင်းကျန်းသူများ အနေဖြင့် ကျောက်မဲမြို့မှ ဆုတ်ခွာထွက်ပြေးစဉ် ကျောက်မဲမြို့မရဲစခန်း၊ EPC Station၊ ခရိုင်သစ်တောရုံး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ မီးသတ်ဦးစီးဌာနအဆောက်အအုံ၊ စာသင်ကျောင်းများ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများအား ယုတ်မာရိုင်းစိုင်းစွာဖြင့် အသိတရားကင်းမဲ့စွာဖြင့် မီးရှို့ဖျက်ဆီးခဲ့သည့်အပြင် ခေတ္တထိန်းချုပ်စဉ်ကာလအတွင်း မြို့/ရွာများအတွင်းရှိ ဌာနဆိုင်ရာအဆောက်အအုံများ၊ ဆေးရုံများနှင့် လူနေအိမ်များတွင် ဘန်ကာများဆောက်လုပ်ပြီး တပ်မတော်စစ်ကြောင်းများအား ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဒေသခံပြည်သူများ၏ အိုးအိမ်များကို ခံစစ်တံတိုင်းအဖြစ် အကာအကွယ်ရယူ၍ ပစ်ခတ်တိုက်ခိုက်ခြင်းများကို လုပ်ဆောင်ခဲ့သည့်အပြင် ဒေသခံပြည်သူများ နေအိမ်များနှင့် ဈေးဆိုင်ခန်းများအား ဖောက်ထွင်း၍ တန်ဖိုးကြီးပစ္စည်းများ၊ စားသောက်ကုန်နှင့် အသုံးအဆောင်ပစ္စည်းများကို အဓမ္မယူဆောင်ခြင်းများ လုပ်ဆောင်ခဲ့သဖြင့် ဒေသခံ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ကလည်း အဆိုပါ အကြမ်းဖက် သောင်းကျန်းသူများအပေါ် လွန်စွာစက်ဆုပ်ရွံရှာမုန်းတီးခြင်းနှင့်အတူ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ အပါအဝင် ဒေသခံပြည်သူများသည် ဆင်းရဲမှုဘေးဒုက္ခကြီးစွာဖြင့် နီးစပ်ရာ မြို့/ရွာများရှိ ဆွေမျိုးများ၏ နေအိမ်များ၊ ယာယီနေရပ်စွန့်ခွာ စခန်းများသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။

**မိုင်းထောင်ဖောက်ခွဲ**

အလားတူ အကြမ်းဖက် သောင်းကျန်း သူများသည် တပ်မတော်စစ်ကြောင်းများနှင့် တိုက်ပွဲများ ဖြစ်ပွားစဉ်ကာလအတွင်း ၂၀၂၅ ခုနှစ် ဇူလိုင် ၁၃ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့နယ်အပိုင်း မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် (၇၈/၂-၇၈/၃) အတွင်း တည်ရှိသည့် တံတားအမှတ် (၉/၈၄)၊ သံကူကွန်ကရစ်တံတားအားလည်းကောင်း၊ ၂၀၂၅ ခုနှစ် ဇူလိုင် ၁၅ ရက်တွင် ဂုတ်တွင်းတံတား (အသစ်) နှင့် (အဟောင်း)နေရာနှစ်ခုကို ဒုတိယအကြိမ်မြောက် အဖြစ်လည်းကောင်း၊ ၂၀၂၅ ခုနှစ် ဩဂုတ် ၂၄ ရက်တွင် မြန်မာနိုင်ငံ၏ အထင်ကရ အမှတ်အသားနှင့် ကမ္ဘာကျော် ရှေးဟောင်းမီးရထားလမ်း တံတားတစ်စင်းဖြစ်သည့် ဂုတ်ထိပ်တံတား (ကျောက်မဲမြို့ဘက်အခြမ်း)အားလည်းကောင်း ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့ခြင်းနှင့် နောင်ချို - ကျောက်မဲ လမ်းကြောင်းတစ်လျှောက်၌ လမ်းပန်းဆက်သွယ်ရေးများ အခက်အခဲဖြစ်စေရန်အတွက် အတားအဆီးများပြုလုပ်၍ လမ်းများပိတ်ဆို့ထားခြင်းတို့ကို လုပ်ဆောင်ခဲ့ကြသည်။

ထို့ကြောင့် တပ်မတော်စစ်ကြောင်းများက လမ်းကြောင်းတစ်လျှောက်ရှိ အတားအဆီးနေရာများအား လူအင်အား၊ စက်ယန္တရားများအသုံးပြု၍ ဖယ်ရှားရှင်းလင်းခြင်း လုပ်ငန်းများနှင့် ဂုတ်တွင်းတံတားအား အများပြည်သူ ပြန်လည်အသုံးပြုနိုင်ရေး ပို့ဆောင်ဆက်သွယ်မှု အဆင်ပြေ ချောမွေ့စေရေးတို့အတွက် တပ်မတော်မှ စစ်မြေပြင်အင်ဂျင်နီယာတပ်ဖွဲ့ဝင်များက ယာယီ သံပေါင်ဘေလီ တံတားထိုးခြင်းလုပ်ငန်းများကို ၂၀၂၅ ခုနှစ် ဩဂုတ် ၂၉ ရက်မှစ၍ နေ့/ညမပြတ် ကြိုးပမ်းဆောင်ရွက်ခဲ့မှုကြောင့် အကြမ်းဖက်သောင်းကျန်းသူများ ဆင်ခြင်တုံတရားမဲ့စွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် ဂုတ်တွင်းတံတားနေရာ၌ ယခုအခါ အလျားပေ ၁၅၀၊ တံတားအကျယ် ၁၈ ပေရှိ သံပေါင်ဘေလီ အမျိုးအစား တံတားသစ်ကြီးကို စက်တင်ဘာ ၁၂ ရက်တွင် တည်ဆောက်ပြီးစီးခဲ့ပြီဖြစ်သည့်အတွက် တပ်မတော်စစ်ကြောင်းများက အဆိုပါ ကျောက်မဲ - နောင်ချို - ပြင်ဦးလွင် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ဒေသခံခရီးသွားပြည်သူများနှင့် မော်တော်ယာဉ်များ စိတ်အေးချမ်းသာစွာ ပုံမှန်အတိုင်း ပြန်လည်သွားလာနိုင်ရေး လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ကမ္ဘာ့သမိုင်းဝင် ဂုတ်ထိပ်မီးရထားလမ်းတံတား ပျက်စီးမှုအပိုင်းကိုလည်း လုံခြုံရေးတပ်ဖွဲ့ဝင်များအကူအညီဖြင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာနမှ ဝန်ထမ်းများကလည်း နေ့မအား၊ ညမနား ပြုပြင်လျက်ရှိရာ ယခုအခါ ၅၉ ဒသမ ၁ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရှိရသည်။



အကြမ်းဖက်သောင်းကျန်းသူများ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် ဂုတ်ထိပ်မီးရထားသံလမ်းတံတားအား ပြန်လည်ပြုပြင်တည်ဆောက်နေမှုကို တွေ့ရစဉ်။

ယခုကဲ့သို့ နောင်ချိုမြို့မှ ၃၃ ကီလိုမီတာအကွာရှိ ကျောက်မဲမြို့အား ၂၁ ရက်တာကာလအတွင်း တပ်မတော် စစ်ကြောင်းများက ပြန်လည်သိမ်းပိုက်နိုင်ခြင်းမှာ အကြမ်းဖက်သောင်းကျန်းသူများ၏ လူမဆန်သောလုပ်ရပ်များ၊ အဓမ္မနိုင်ထက်စီးနင်း ပြုမူမှုများနှင့် လူမျိုးရေးခွဲခြားမှုပုံစံများအပေါ် ရွံရှာအော့နှလုံးနာနေကြသည့် ဒေသခံလူငယ်၊ လူလတ်နှင့် လူကြီးပိုင်းအပါအဝင် ပြည်သူလူထုတစ်ရပ်လုံးက အကြမ်းဖက်သောင်းကျန်းသူများ၏ လှုပ်ရှားမှုနှင့် တည်နေရာများအား နောင်ချိုမြို့ သိမ်းပိုက်ပြီးနောက်ပိုင်းမှစ၍ တပ်မတော်စစ်ကြောင်းများအပေါ် အားကိုးကြီးစွာဖြင့် အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့မှုအပေါ် တပ်မတော်စစ်ကြောင်းများကလည်း ပြည်သူသာအမိ၊ ပြည်သူသာအဖ ခံယူချက်အတိုင်း ဒေသခံပြည်သူများအပေါ် မိမိတို့၏ အမိအဖ၊ ဆွေမျိုးများကဲ့သို့ တစ်သားတည်း ထင်ဟပ်လျက် အကြမ်းဖက် သောင်းကျန်းသူများ၏ ဒုက္ခဘေးအန္တရာယ်မှ အမြန်ဆုံး လွတ်မြောက်စေရေး ရဲ ၃ ရဲ၊ မြဲ ၃ မြဲဖြင့် ရင်ကိုမြေကတုတ်လုပ်၍တုံးတိုက်တိုက်ကျားကိုက်ကိုက် စိတ်ဓာတ်နှင့် လှေခွက်ချည်းကျန် အလံမလှဲသည့် စိတ်ဓာတ်တို့ဖြင့် တိုက်လိုခိုက်လိုစိတ် ပြင်းပြစွာ တိုက်ပွဲဝင်ခဲ့၍လည်း ရှမ်းပြည်နယ် (မြောက်ပိုင်း) ခရိုင်မြို့တော်ကြီးတစ်ခုဖြစ်သည့် ကျောက်မဲမြို့အား အမြန်ဆုံးပြန်လည်သိမ်းပိုက်နိုင်ခဲ့ခြင်းဖြစ်သည်။

**သောင်းသောင်းဖြဖြကြိုဆို**

ယခုကဲ့သို့ ကျောက်မဲမြို့အား ယနေ့တွင် တပ်မတော်က ပြန်လည် ထိန်းချုပ်နိုင်ခဲ့သည့်အတွက် ဒေသခံတိုင်းရင်းသားပြည်သူများကလည်း တပ်မတော်စစ်ကြောင်းများကို အောင်သပြေများ၊ ပန်းကုံးများဖြင့် ဝမ်းသာအားရ သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြသည်။

တပ်မတော်စစ်ကြောင်းများ အနေဖြင့် နောင်ချိုမြို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးသကဲ့သို့ပင် ယာယီနေရပ်စွန့်ခွာနေကြရသည့် ဒေသခံတိုင်းရင်းသား မိဘပြည်သူများနှင့် ဆွေမျိုးများ ပြန်လည်ဝင်ရောက်၍ အေးချမ်းစွာလုပ်ကိုင်စားသောက်နေထိုင်နိုင်ရေး၊ အစိုးရအုပ်ချုပ်မှုယန္တရားများ အမြန်ဆုံးပြန်လည်လည်ပတ်နိုင်ရေး၊ အဆိုပါဒေသ တည်ငြိမ်အေးချမ်းရေးတို့အတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter- Terrorism Operation)များကို ဒေသခံပြည်သူများနှင့်ပူးပေါင်းကာ ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်သွားမည်ဟု သိရှိရသည့်အပြင် အနာဂတ်၏ ခေါင်းဆောင်များဖြစ်လာမည့်ရင်သွေးငယ် သား/သမီးများကလည်း ပညာရည်နို့ သောက်ယူနိုင်မည့် အခွင့်အရေးများ ရရှိလာတော့မည်ဖြစ်သလို ဒေသခံပြည်သူများအနက် အသက် ၁၈ နှစ် ပြည့်ပြီးသူများသည်လည်း မကြာမီကျင်းပပြုလုပ်တော့မည့် လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတွင် အချိန်မီမဲပေးနိုင်တော့မည့် နိုင်ငံသားအခွင့်အရေးများကိုလည်း အပြည့်အဝ ခံစားကြရတော့မည်ဖြစ်၍ အထူးပင် ဝမ်းမြောက်ဂုဏ်ယူနေကြကြောင်း သိရသည်။

သတင်းစဉ်

# မိုးရွာသွန်းမှုများကြောင့် လမ်းပိတ်ဆို့မှုဖြစ်ပေါ်ခဲ့ရာ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် လုံခြုံရေးအဖွဲ့များက လမ်းရှင်းမှုများ ဆောင်ရွက်

**ကျောက်ပန်းတောင်း အောက်တိုဘာ ၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်တွင် စက်တင်ဘာ ၂၉ရက်နှင့် စက်တင်ဘာ ၃၀ ရက်များတွင် မိုးရွာသွန်းမှုများသဖြင့် မြို့နယ်အတွင်း မြေသားရေကန်များ ရေပြည့်လျှံလျက်ရှိသည့်နည်းတူ ကြက်မောက်တောင် ရေလျှောင်တမံရေပိုလွှဲမှ ရေထုတ်လွှတ်မှုများကြောင့် ကျောက်ပန်းတောင်း-မိတ္ထီလာ ကားလမ်းကိုင်းကျေးရွာအနီး မိုင်တိုင် (၅၁/၄)မှ မိုင်တိုင်(၅၄/၇)အတွင်း အလျားသုံးဖာလုံခန့် ရေအမြင့်တစ်ပေကျော်ခန့် ကားလမ်းရေကျော်မှုများ ဖြစ်ပေါ်ခဲ့ရာ စက်တင်ဘာ ၃၀ ရက် နံနက် ၉ နာရီမှစတင်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ကော်မတီအတွင်းရေးမှူးနှင့် မြို့နယ်မီးသတ်ဦးစီးမှူးတို့ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များ၊ လုံခြုံရေးအဖွဲ့ဝင်များက ရေကြောင်းလမ်းပြခြင်း၊ ကားလမ်းရှင်းခြင်းများ ကူညီဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ရေကျော်ချောင်းရိုးများ ကားလမ်းပိတ်ဆို့မှုဖြစ်ပေါ်ရာသို့ မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန်းမြင့် ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင် သန္ဓေ(၁+၁၀)ဦး အရန်မီးသတ်သုံးဦး၊ စုစုပေါင်း ၁၄ ဦးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက ရေကြောင်းလမ်းပြကူညီကယ်ဆယ်မှုများ ဆောင်ရွက်လျက်ရှိပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းလွင်နှင့် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဆွေဝင်း၊ လမ်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းအောင်ကြင်တို့က အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး ညနေ ၃ နာရီ မိနစ် ၄၀တွင် ရေအနည်းငယ်ကျဆင်းသွားပြီဖြစ်၍ ယာဉ်အသွား၊ အလာများ ပုံမှန်အတိုင်း ဖြတ်ကျော်မောင်းနှင်လျက်ရှိကြောင်း သိရသည်။ (၄၅၆)

# မြို့နယ်အချို့၌ မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာ

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲဆန္ဒရှင်စာရင်းများကို စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၁၃ ရက်အထိ နိုင်ငံတစ်ဝန်းမြို့နယ်များရှိ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ထုတ်ပြန်ကြေညာထားရာ မဲဆန္ဒရှင်ပြည်သူများ လာရောက်ကြည့်ရှုလျက်ရှိသည်။


မှော်ဘီမြို့နယ်
ဝင်းဇော်(ပြန်/ဆက်)


ကျိုင်းတုံမြို့နယ်
အေးမောင်(ကျိုင်းတုံ)


တပ်ကုန်းမြို့နယ်
တင်စိုးလွင်


မြန်အောင်မြို့နယ်
ဝင်းဗိုလ်(ပြန်/ဆက်)


ဒက္ခိဏသီရိမြို့နယ်
အောင်သူရဦး(ဒက္ခိဏ)


တနသာရီမြို့နယ်
သီသီခိုင်(တနသာရီ)


ကော့သောင်းမြို့နယ်
ခရိုင်(ပြန်/ဆက်)


မိုင်းယန်းမြို့နယ်
ထွန်းထွန်းထူး


ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်
မြင့်မြင့်ရီ


မောက်မယ်မြို့နယ်
စိုင်းမျိုးသန့်(မောက်မယ်)


ညောင်ရွှေမြို့နယ်
စိုင်းအယ်ဘဲ


ညောင်ဦးမြို့နယ်
ခရိုင်(ပြန်/ဆက်)


မကွေးမြို့နယ်
ခရိုင်(ပြန်/ဆက်)


လောင်းလုံးမြို့နယ်
သိန်းသိန်း(လောင်းလုံး)


ကော့မှုးမြို့နယ်
ကျော်သူရ(ကော့မှုး)


မြစ်သားမြို့နယ်
ဝါဝါမြင့်(မြစ်သား)


ပြင်ဦးလွင်မြို့နယ်
ခရိုင်(ပြန်/ဆက်)


မြို့သစ်မြို့နယ်
သန်းဝင်းထွန်း(ပြန်/ဆက်)



# နိုင်ငံတကာ အားကစား သတင်းများ



## နာဗက်စ်အသင်းတွင် ဆက်ရှိသွားမည်ဟု ပီအက်စ်ဂျီအသင်းအတည်ပြု

**ပါရီ အောက်တိုဘာ ၁**

ကွင်းလယ်ကစားသမား နာဗက်စ်သည်အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း အသင်းတွင် ဆက်ရှိသွားမည်ဟု ပီအက်စ်ဂျီအသင်းက အတည်ပြုခဲ့သည်။

အသက်(၂၁)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် မန်စီးတီးအသင်းက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၄င်းက အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

ကွင်းလယ်ကစားသမား နာဗက်စ်သည် ပီအက်စ်ဂျီအသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၆၃ ပွဲ ကစားပြီး ၁၀ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

ပီအက်စ်ဂျီအသင်း၏ထုတ်ပြန်ချက်တွင် "နာဗက်စ်က အသင်းမှာ ဆက်ရှိသွားမှာပါ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ သူကိုယ်တိုင်ကလည်း အသင်းမှာ ပျော်ရွှင်နေပါတယ်"ဟု ထုတ်ပြန်သည်။

(အပေါ်ဝဲပုံ)

(NGB)

## ဟယ်ရီကိန်းကို စာချုပ်သက်တမ်းတိုးရန် ဘိုင်ယန်မြူးနစ်အသင်း စီစဉ်

**မြူးနစ် အောက်တိုဘာ ၁**

ဘိုင်ယန်မြူးနစ်အသင်းသည် အသင်းတိုက်စစ်မှူး ဟယ်ရီကိန်းအား စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိပြီ ဖြစ်သည်။

အဆိုပါ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် ဘိုင်ယန်မြူးနစ်အသင်းက စာချုပ်သက်တမ်းတိုးရန် စီစဉ်လာခြင်းဖြစ်သည်။



တိုက်စစ်မှူး ဟယ်ရီကိန်းသည် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၀၅ပွဲကစားပြီး ၁၀၂ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

ဘိုင်ယန်မြူးနစ်အသင်း ထုတ်ပြန်ချက်တွင် "ဟယ်ရီကိန်းကို စာချုပ်သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ" ဟု ထုတ်ပြန်သည်။

(ဝဲပုံ) (NGB)

## ဂရစ်ဇ်မန်း အက်သလက်တီကိုမက်ဒရစ်အသင်း ကစားသမားဘဝ သွင်းဂိုးပေါင်း ၂၀၀ ပြည့်မြောက်

**မက်ဒရစ် အောက်တိုဘာ ၁**

အက်သလက်တီကိုမက်ဒရစ်အသင်းတိုက်စစ်မှူး ဂရစ်ဇ်မန်းသည် အသင်းကစားသမားဘဝ သွင်းဂိုး ပေါင်း ၂၀၀ ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

အဆိုပါ တိုက်စစ်မှူးသည် အက်သလက်တီကိုမက်ဒရစ်အသင်းက ဖရန့်ဖတ်အသင်းကို ငါးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် အဖိုးတန်သွင်းဂိုး တစ်ဂိုးသွင်းယူပေးပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဂရစ်ဇ်မန်းသည် အက်သလက်တီကိုမက်ဒရစ်အသင်းအတွက် ဂိုး ၂၀၀ပြည့် သွင်းယူနိုင်သည့် ပထမဆုံး ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

အသက်(၃၄)နှစ်အရွယ်ရှိ ဂရစ်ဇ်မန်းက "ကျွန်တော် အခုလို မှတ်တမ်းကောင်းတွေ ပိုင်ဆိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း အခုလို မှတ်တမ်းတွေအပြင် အသင်းအောင်မြင်မှုများ ရရှိဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

(အောက်ပုံ)

(NGB)





## ဘာပေ စက်တင်ဘာလအတွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲတိုင်းတွင် ဂိုးသွင်းယူနိုင်သည့် စံချိန်မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်

**မက်ဒရစ် အောက်တိုဘာ ၁**

ရီးရဲလ်မက်ဒရစ်အသင်းနှင့် ပြင်သစ်လက်ရွေးစင်အသင်း တိုက်စစ်မှူး ဘာပေသည် စက်တင်ဘာလအတွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲစဉ်တိုင်းတွင် ဂိုးသွင်းယူနိုင်သည့် စံချိန်မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် စက်တင်ဘာလအတွင်း ရီးရဲလ်မက်ဒရစ်အသင်းနှင့် ကစားခဲ့သည့် ပြိုင်ပွဲစုံ ခြောက်ပွဲတွင်လည်း ဂိုးသွင်းယူနိုင်ခဲ့သလို ပြင်သစ်လက်ရွေးစင်အသင်းနှင့် ကစားခဲ့သည့် ကမ္ဘာ့ဖလားခြေစစ်ပွဲနှစ်ပွဲစလုံးတွင်လည်း ဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့သည်။

တိုက်စစ်မှူး ဘာပေသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ကိုးပွဲကစားပြီး ၁၃ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

အသက်(၂၆)နှစ်အရွယ်ရှိ ဘာပေက "နောက်ထပ်လည်း ကလပ်အသင်းအတွက်ရော လက်ရွေးစင်အသင်းအတွက်ရော သွင်းဂိုးတွေ သွင်းယူနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ။ ပြီးတော့ ကလပ်အသင်းနဲ့အတူ စပိန်လာလီဂါ ချန်ပီယံဆုကိုလည်း ရယူသွားလိုပါတယ်"ဟု ပြောသည်။

(အောက်ပုံ) (NGB)



## နေမာ ပေါင်ခြံဒဏ်ရာကြောင့် နိုဝင်ဘာလကုန်အထိ အနားယူရမည်

**လန်ဒန် အောက်တိုဘာ ၁**

တိုက်စစ်မှူး နေမာသည် ပေါင်ခြံဒဏ်ရာကြောင့် မျှော်မှန်းထားသည်ထက် ပိုမိုနားရမည်ဖြစ်ပြီး နိုဝင်ဘာလကုန်အထိ အနားယူရမည်ဖြစ်ကြောင်း ဆန်းတို့စ်အသင်းက အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက ဆန်းတို့စ်အသင်းနှင့်အတူ ပါဝင်ကစားရင်း ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။

တိုက်စစ်မှူး နေမာ ဒဏ်ရာ ပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ဆန်းတို့စ်အသင်းအတွက်လည်း ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ် ဖြစ်လာခဲ့သည်။

အသက်(၃၃)နှစ်အရွယ်ရှိ တိုက်စစ်မှူး နေမာသည် ဆန်းတို့စ်အသင်းနှင့်အတူ ၂၀၂၅ ခုနှစ်အတွင်း ပြိုင်ပွဲစုံ ၂၁ ပွဲ ကစားပြီး ခြောက်ဂိုးအထိ သွင်းယူထားသည်။

(ဝဲပုံ)

(NGB)

## ဇက်ဇီကို ခေါ်ယူရန် ကိုမိုအသင်း စိတ်ဝင်စား

**တူရင် အောက်တိုဘာ ၁**

ကိုမိုအသင်းသည် မန်ယူအသင်း တိုက်စစ်မှူး ဇက်ဇီကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၄)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် မန်ယူအသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၅၃ပွဲကစားပြီး ခုနစ်ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ကိုမိုအသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။





တိုက်စစ်မှူး ဇက်ဇီကလည်း လက်ရှိအချိန်တွင် မန်ယူအသင်းနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် အသင်းမှ ထွက်ခွာချင်သည်။

ထို့ကြောင့် ကိုမိုအသင်း အနေဖြင့် လာမည့် ဆောင်းရာသီ ဈေးကွက်အတွင်းတွင် မန်ယူအသင်းထံမှ ဇက်ဇီကို ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(ဝဲပုံ)

(NGB)

## 2025 China Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ Jannik Sinner တက်ရောက်


**ပေကျင်း အောက်တိုဘာ ၁**

တရုတ်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 China Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ အီတလီတင်းနစ်ကစားသမား Jannik Sinner တက်ရောက်ခဲ့သည်။

အဆိုပါ အီတလီတင်းနစ်ကစားသမား Jannik Sinner သည် 2025 China Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ဩစတြေးလျတင်းနစ်ကစားသမား Alex De Minaur အား ၆-၃၊ ၄-၆၊ ၆-၂ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2025 China Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် အီတလီတင်းနစ်ကစားသမား Jannik Sinner နှင့် အမေရိကန်တင်းနစ်ကစားသမား Learner Tien တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(အောက်ပုံ) (NGB)



## ယူရိုပါလိဂ် ဘောလုံးပြိုင်ပွဲ (အမှတ်ပေးလိဂ်အဆင့်) (ပွဲစဉ်-၂) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(ပြည်တွင်းအမှတ်ပေးပွဲအဆင့်) |
|---|---|---|
| ၂-၁၀-၂၀၂၅ ကြာသပတေးနေ့ | ည ၁၁း၁၅ နာရီ | (၄)ရိုးမား(အီတလီ-၃) - လိုင်လီ(ပြင်သစ်-၆)(၆) |
| ။ | ။ | (၂၈)ဘိုလော့ညာ(အီတလီ-၉) - ဖရိုင်းဘတ်(ဂျာမနီ-၈)(၇) |
| ။ | ။ | (၂၄)ဘရန်း(နော်ဝေ-၃) - အူးထရက်(နယ်သာလန်-၇)(၃၁) |
| ။ | ။ | (၁၈)ဆဲလ်တစ်(စကော့တလန်-၂) - ဘရာဂါ(ပေါ်တူဂီ-၇)(၁၄) |
| ။ | ။ | (၁၂)FCSB(ရိုမေးနီးယား-၁၁) - ယန်းဘွိုင်းစ်(ဆွစ်ဇာလန်-၂)(၃၆) |
| ။ | ။ | (၃၄)ဗီနာဘာချီ(တူရကီယဲ-၂) - နိစ်(ပြင်သစ်-၁၂)(၂၆) |
| ။ | ။ | (၅)လူဒိုဂိုရက်စ်(ဘူလ်ဂေးရီးယား-၂) - ဘက်တစ်(စပိန်-၆)(၁၆) |
| ။ | ။ | (၁)ပါနာသီနာကိုစ်(ဂရိ-၈) - ဂိုးအဟဲဒ်ဂဲလ်(နယ်သာလန်-၁၀)(၃၃) |
| ။ | ။ | (၁၇)ပလာဇန်(ချက်-၅) - မော်လ်မို(ဆွီဒင်-၅)(၂၇) |
| ၃-၁၀-၂၀၂၅ သောကြာနေ့ | နံနက် ၀၁း၃၀ နာရီ | (၂၅)ဘေဆယ်လ်(ဆွစ်ဇာလန်-၅) - စတုဂတ်(ဂျာမနီ-၅)(၈) |
| ။ | ။ | (၂၃)ဆဲလ်တာဗီဂို(စပိန်-၁၆) - PAOK(ဂရိ-၃)(၂၁) |
| ။ | ။ | (၁၁)ပေါ်တို(ပေါ်တူဂီ-၁) - ဇဗက်ဇ်ဒါ(ဆားဘီးယား-၁)(၁၉) |
| ။ | ။ | (၃၀)ဖီယင်နု(နယ်သာလန်-၁) - ဗီလာ(အင်္ဂလန်-၁၆)(၁၃) |
| ။ | ။ | (၉)ဂျန့်ခ်(ဘယ်လ်ဂျီယံ-၉) - ဖီရန်ဘားရို့စ်(ဟန်ဂေရီ-၂)(၂၀) |
| ။ | ။ | (၁၀)လိုင်ယွန်(ပြင်သစ်-၂) - ဆောလ်ဘတ်(ဩစတြီးယား-၄)(၂၉) |
| ။ | ။ | (၂၂)မက္ကာဘီတဲလ်အဗစ်(အစ္စရေး-၂) - ဒိုင်နမိုဇာဂရက်(ခရိုအေးရှား-၁)(၂) |
| ။ | ။ | (၁၅)နော်တင်ဟမ်(အင်္ဂလန်-၁၇) - မစ်ဂျီလန်း(ဒိန်းမတ်-၂)(၃) |
| ။ | ။ | (၃၅)စတန်းဂရပ်စ်(ဩစတြီးယား-၂) - ရိန်းဂျားစ်(စကော့တလန်-၈)(၃၂) |

မှတ်ချက် ။ ။ ( )အတွင်းမှ ရလဒ်များသည် ပြိုင်ပွဲဝင်(၃၆)သင်း၏ ယူရိုပါလိဂ်အမှတ်ပေးလိဂ်အဆင့်များ ဖြစ်သည်။

# မဟာလောကမာရဇိန်စေတီ ကုသိုလ်တော်မြတ်စွာဘုရားနှင့် နန်းမြေဘုံသာစံနန်းတော်ရာ စန္ဒာမုနိမြတ်စွာဘုရားတို့၏ (၁၃၅)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲအခမ်းအနား ကျင်းပ



**မန္တလေး အောက်တိုဘာ ၁**

ရတနာပုံမြို့တည်နန်းတည် ပဉ္စမသင်္ဂါယနာတင် ဘဝရှင် မင်းတုန်းမင်းတရားကြီး တည်ထားတော်မူခဲ့သည့် အောင်မြေသာစံမြို့နယ်၊ မဟာလောကမာရဇိန်စေတီ ကုသိုလ်တော်မြတ်စွာဘုရားနှင့် နန်းမြေဘုံသာစံနန်းတော်ရာ စန္ဒာမုနိမြတ်စွာဘုရားတို့၏ (၁၃၅)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရား(တောင်မုခ်)တွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အောင်မြေသာစံခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ကုသိုလ်တော်ဘုရားဂေါပကဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားကို နမောတဿ ၃ ကြိမ် ရွတ်ဆို၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက (၁၃၅) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မန္တလေးငလျင်ကြောင့် မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားအတွင်း ထိခိုက်ပျက်စီးခဲ့သည့် ဘုရား၊ စေတီ၊ ပုထိုးများ၊ သာသနိက အဆောက်အအုံများ၊ မုခ်ဦးနှင့် ကျောက်စာဓမ္မစေတီတော်များ ပြန်လည်ပြုပြင်မွမ်းမံဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုကာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ဆွမ်းဆန်စိမ်းများလောင်းလှူဒါန်းခြင်းနှင့် လုပ်သားများအား စားသောက်ကုန်ပစ္စည်းများထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်





**မန္တလေး အောက်တိုဘာ ၁**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါပြီး ယနေ့နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ မင်္ဂလာ မန္တလေးပရိမိုးရှင်းဧရိယာတွင် New Starlight Group of Companies မှ ကျင်းပသည့် သံဃာတော်များ၊ သီလရှင်များအား ဆွမ်းဆန်စိမ်းလောင်းလှူဒါန်းပွဲနှင့် မန္တလေးငလျင်ကြောင့် ပျက်စီးခဲ့သည့် အဆောက်အအုံများ ပြန်လည်တည်ဆောက်ရေးတွင် ပါဝင်ဆောင်ရွက်ခဲ့သော လုပ်သားများအား စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

အခမ်းအနားကို အစီအစဉ်အတိုင်း ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ် Ms. Gao Ping၊ New Starlight Group of Companies ဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်းနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ တာဝန်ရှိသူများက သံဃာတော်များ၊ သီလရှင်များအား ဆွမ်းဆန်စိမ်းများလောင်းလှူဒါန်းခဲ့ကြပြီးနောက် မန္တလေးငလျင်ကြောင့် ပျက်စီးခဲ့သည့် အဆောက်အအုံများ ပြန်လည်တည်ဆောက်ရေးတွင် ပါဝင်ခဲ့သော လုပ်သားများကို စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ယနေ့လှူဒါန်းမှုနှင့် ထောက်ပံ့ပေးအပ်မှု အစီအစဉ်တွင် မန္တလေးတိုင်းဒေသကြီးရှိ ဘုန်းကြီးကျောင်းတိုက် (၃)တိုက်နှင့် မြဝတီစာသင်တိုက်အတွက် ငွေကျပ် ၁၁၆ သိန်းတန်ဖိုးရှိ ဆွမ်းဆန်စိမ်းလှူဖွယ်ပစ္စည်း(၂၁)မျိုး၊ ပြန်လည်တည်ဆောက်ရေးတွင် ပါဝင်ဆောင်ရွက်ခဲ့သော လုပ်သား ၁၀၄၀ ဦးအတွက် ငွေကျပ် ၅၂၀၀၀၀၀ တန်ဖိုးရှိ စားသောက်ကုန်ပစ္စည်း (၂၁)မျိုး၊ စုစုပေါင်း ငွေကျပ် ၆၃၆၀၀၀၀၀ တန်ဖိုးရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းများ ပထမအကြိမ် ကပ်ထားကြေညာထားမှုကို သွားရောက်ကြည့်ရှု

**မန္တလေး အောက်တိုဘာ ၁**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါပြီး ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းများ ပထမအကြိမ် ကပ်ထားကြေညာထားမှုကို သက်ဆိုင်ရာရပ်ကွက်ကော်မရှင်အဖွဲ့ခွဲရုံးများသို့ ယနေ့ညနေပိုင်းက သွားရောက်ကြည့်ရှုခဲ့သည်။



ထိုသို့ လိုက်လံကြည့်ရှုရာတွင် ရွှေဘုန်းရှိန်ရပ်ကွက်နှင့် ရတနာဘုမ္မိရပ်ကွက်ကော်မရှင်အဖွဲ့ခွဲရုံးများသို့ ရောက်ရှိပြီး ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့၊ ခရိုင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က မဲစာရင်းများကို ပြည်သူများသိရှိစေရေး၊ မိုးလေဝသကြောင့် ပျက်စီးဆုံးရှုံးမှု မဖြစ်ပေါ်စေရေးနှင့် လုံခြုံမှုရှိစေရေး အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားကာ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ပြီး မဲဆန္ဒရှင်ပြည်သူများ အမည်စာရင်းပါဝင်ခြင်း ရှိ၊ မရှိ လာရောက်ကြည့်ရှုသူများကို မေးမြန်းခဲ့ကြောင်းနှင့် မဲစာရင်းများကို ပထမအကြိမ်အဖြစ် စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၁၃ ရက်အထိ သက်ဆိုင်ရာရပ်ကွက်ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာထားမည်ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

# မန္တလေးတိုင်းဒေသကြီးတွင် ၂၀၂၅ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ အထိမ်းအမှတ် အခမ်းအနား မန္တလေးမြို့တော်ခန်းမတွင် ကျင်းပ



မန္တလေး အောက်တိုဘာ ၁

မန္တလေးတိုင်းဒေသကြီးတွင် ၂၀၂၅ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်လှမြင့်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ၎င်းတို့၏ဇနီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်တို့မှ ပါမောက္ခချုပ်များ၊ အသင်းအဖွဲ့များ၊ တိုင်းဒေသကြီး သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီဝင်များ၊ ဂုဏ်ပြုခံ အဘိုး၊ အဘွားများနှင့် ၎င်းတို့၏ မိသားစုဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုစကားပြောကြားရာတွင် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာမိသားစုဝင် နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ သက်ကြီးပုဂ္ဂိုလ်များက လူ့အဖွဲ့အစည်းအပေါ် အကျိုးပြုခဲ့ခြင်းများကို အသိအမှတ်ပြုသောအားဖြင့်လည်းကောင်း၊ လူမှုအဖွဲ့အစည်းအတွက် အကျိုးရှိနေဆဲ၊ အသုံးဝင်နေဆဲဖြစ်သည်ကို အသိအမှတ်ပြုသောအားဖြင့်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ကို နိုင်ငံတော်အဆင့် အခမ်းအနားအဖြစ် ၁၉၉၉ခုနှစ်ကတည်းက မပျက်မကွက် ကျင်းပခဲ့သလို၊ တိုင်းဒေသကြီးအဆင့် အခမ်းအနား ကျင်းပခဲ့လာရာ (၂၇)ကြိမ်မြောက်ရှိပြီဖြစ်ပါကြောင်း၊ သက်ကြီးပုဂ္ဂိုလ်များ၏ ဝင်ငွေလုံခြုံမှုရရှိစေရေးအတွက် လူမှုရေးပင်စင်ထောက်ပံ့မှု အစီအစဉ်ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှ စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး လူမှုရေးပင်စင်ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ သက်ကြီးပုဂ္ဂိုလ်များ၏ အခွင့်အရေးများကို အကောင်အထည်ဖော်ဆောင်ရာတွင် မျိုးဆက်သစ်လူငယ်များအပါအဝင် အားလုံးက သက်ကြီးပုဂ္ဂိုလ်များအား ချစ်ခင်လေးစားပြီး ဘဝကို သိရှိနားလည်တန်ဖိုးထားကာ သက်ကြီးသူများဘဝ သာယာစေရန် ဝိုင်းဝန်းဖြည့်ဆည်းသွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အခမ်းအနားသို့ မတက်ရောက်နိုင်သည့်သက်ကြီးပုဂ္ဂိုလ် အဘိုး၊ အဘွား ၁၀၀ ဦးအတွက် ဂုဏ်ပြုငွေများကို အောင်မြေသာစံခရိုင်၊ မဟာအောင်မြေခရိုင်နှင့် အမရပူရခရိုင်များမှ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တာဝန်ရှိသူများက အခမ်းအနားသို့ တက်ရောက်လာသည့် ဂုဏ်ပြုခံ သက်ကြီးပုဂ္ဂိုလ် အဘိုး၊ အဘွားများအား ဂုဏ်ပြုပစ္စည်းများနှင့် ဂုဏ်ပြုငွေများပေးအပ်ပြီးနောက် ဂုဏ်ပြုခံ သက်ကြီးပုဂ္ဂိုလ် အဘိုး၊ အဘွားများကိုယ်စား မန်းတောင်ခြေဘိုးဘွားရိပ်သာမှ အဘိုး ဦးပေါ်စံက ကျေးဇူးတင် ဆုတောင်းစကားများပြောကြားပြီး သက်ကြီးပုဂ္ဂိုလ်ပြုစုစောင့်ရှောက်ရေးနှင့် အခွင့်အရေးဆိုင်ရာ ဆောင်ရွက်မှု ဗီဒီယိုမှတ်တမ်းအား ပြသခဲ့ကြောင်း၊ ယနေ့အခမ်းအနားတွင် သက်ကြီးပုဂ္ဂိုလ် အဘိုး၊ အဘွားများအတွက် ဂုဏ်ပြုပစ္စည်းများနှင့် ဂုဏ်ပြုငွေများအပါအဝင် စုစုပေါင်းငွေကျပ် ၁၃,၃၅၀,၀၀၀ ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

# မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနား ကျင်းပ







မန္တလေး အောက်တိုဘာ ၁

မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၊ ရဲသူရိန်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်လှမြင့်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ခေတ္တတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၊ ရဲမှူးချုပ်ဟန်ထွန်း၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့နှင့် တပ်ဖွဲ့ဝင်တို့မှ ရဲအရာရှိကြီးများ၊ ခရိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ အငြိမ်းစားရဲအရာရှိကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က ဂုဏ်ပြုစကားပြောကြားပြီးနောက် ခေတ္တတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ဟန်ထွန်းက မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ထံက ပေးပို့သည့် သဝဏ်လွှာအား ဖတ်ကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ တိုင်းဒေသကြီး ဥပဒေချုပ်တို့က တစ်ဆင့်မြင့်ရာထူးတိုးဆုရရှိသူများနှင့် အမှုထမ်းကောင်းဆုရရှိသူများကိုလည်းကောင်း ချီးမြှင့်ပေးခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်အဖွဲ့သည် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ပြသသည့် Video Clipနှင့် ပြခန်းများအား ကြည့်ရှုအားပေးခဲ့ကြောင်းနှင့် အခမ်းအနား ဒုတိယပိုင်းကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

## ဖျောက်ဆိပ်ပင်ကျေးရွာအုပ်စု၌ စိုက်ပျိုးထားသော ဝါသီးနှံများ အောင်မြင်ဖြစ်ထွန်း

ကျောက်ဆည် အောက်တိုဘာ ၁

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ် ဖျောက်ဆိပ်ပင်ကျေးရွာအုပ်စု၌ စိုက်ပျိုးထားသော ၂၀၂၅-၂၀၂၆ ခုနှစ် မိုးရာသီ ဝါသီးနှံများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

ဖျောက်ဆိပ်ပင်ကျေးရွာအုပ်စုသည် တိုက်နယ်(၇)အတွင်းရှိ ကျေးရွာအုပ်စုများတွင် ပါဝင်ပြီး မိုးရာသီ ဝါသီးနှံများကို ၇၈၅ ဧက စိုက်ပျိုးထားကြောင်းနှင့် အခြားကျေးရွာအုပ်စုများဖြစ်သော ရွာသစ်ကျေးရွာအုပ်စု၌ ၄၅ ဧက၊ ရေသရောက်ကျေးရွာအုပ်စု၌ ၃၇ဧက၊ ချောင်းဆုံကျေးရွာအုပ်စု၌ ၃၄ ဧက၊ ကြက်သားဟင်းကျေးရွာအုပ်စု၌ ၄၅ ဧက၊ စုစုပေါင်း ၉၄၆ ဧက စိုက်ပျိုးထားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် တာဝန်ရှိသူများက ဝါသီးနှံများ ပိုးမွှားကင်းရှင်းရေးနှင့် အထွက်နှုန်းကောင်းမွန်ရေး နည်းပညာများ ပံ့ပိုးလျက်ရှိသည်။

ကျောက်ဆည်မြို့နယ်၌ ဝါသီးနှံများကို မိုးကြိုရာသီ၊ မိုးရာသီ၊ မိုးနှောင်းရာသီများတွင် စိုက်ပျိုးကြပြီး မိုးကြိုဝါသီးနှံများကို ဖေဖော်ဝါရီလလယ်မှ မတ်လလယ်၌ လည်းကောင်း၊ မိုးရာသီဝါသီးနှံများကို မေလလယ်မှ ဇွန်လကုန်အထိလည်းကောင်း၊ မိုးနှောင်းဝါသီးနှံများကို ဇူလိုင်လလယ်မှ ဩဂုတ်လအလယ်ထိ စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးရာ၌ ထယ်ရေးနက်နက်၊ ထွန်ရေးညက်ညက်၊ သဘာဝနွားချေးမြေဩဇာ နွားလှည်း ၁၀ စီးနှင့် မြေပြုပြင်ပြီး တစ်ဧက သတ်မှတ်အပင်ဦးရေ ပြည့်မီအောင် တစ်ကျင်းနှင့် တစ်ကျင်း သုံးပေအကွာ စိုက်ပျိုးရကြောင်း၊ အပင်သက်တမ်း ၁၈ ရက်မှ ၂၁ ရက်တွင် စိုက်ကျင်းတစ်ကျင်းလျှင် ဝါပင်နှစ်ပင်ချန်၍ သားခွဲပေးရကြောင်း၊ အပိန့်ဝင်ချိန်နှင့် ပန်းပွင့်ချိန်များ၌ ကွန်ပေါင်းအိပ်တစ်ဝက်နှင့် ယူရီယားအိတ်တစ်ဝက် ရောစပ်ကာ ကြဲပက်၍ ရေသွင်းပေးရပြီး ကြားထွန်တိုက်ကာ မြေဆွပေးရကြောင်း၊ အပင် ၅၀ရက်သားတွင် စုပ်ပိုးကာကွယ်ဆေးနှစ်ကြိမ်၊ ၆၀ ရက်သားနောက်ပိုင်းတွင် ဝါဂွမ်းပိုးနီနှင့် ရွက်လိပ်ရွက်စားပိုးနှစ်ကြိမ် ဖျန်းပေးရပြီး လိုအပ်ပါက အခြားပိုးများအတွက် ပိုးသတ်ဆေးများ ဖျန်းပေးခြင်းဖြင့် အောင်မြင်ဖြစ်ထွန်းသည့် ဝါစိုက်ခင်းများ ရရှိမည်ဖြစ်ကြောင်း သိရသည်။

(၄၈၅)

ကျန်းမာရေး ကဏ္ဍ

# ကျန်းမာရေးအတွက် ဆေးနည်းများ

အောင်မျိုးမြတ်(မန္တလေး)



### သံမနိုင် ကျောက်မနိုင်

သံမနိုင် ကျောက်မနိုင်ပင်သည် မြေတွင် ကပ်ဖြန့်၍ပေါက်သော အပင်ငယ်မျိုးဖြစ်သည်။ တပို့တွဲလများတွင် ရိုးတံ၏ အဆစ်များ၌ အဆုပ်လိုက်ပွင့်သည်။ အပွင့်အရောင်မှာ မရမ်းရောင်ဖြစ်သည်။ မြန်မာနိုင်ငံ အပူပိုင်းဒေသ သဲဆန်ပြီး စိုစွတ်သော မြေများတွင် သဘာဝအလျောက် ပေါက်ရောက်သည်။

သံမနိုင် ကျောက်မနိုင်သည် ချုပ်၏၊ အနည်းငယ် ထိုင်းမှိုင်းစေ၏၊ ကိုယ်ကို ဝဖြိုးစေ၏၊ ဖောရောင်ခြင်းကို ကျဆင်းစေ၏ဟု ဆေးအဘိဓာန်၌ ဖွင့်ဆိုထား၏။

သံမနိုင် ကျောက်မနိုင် သတ္တုရည်ကို နို့ရည်နှင့်ရော၍ ကလေးငယ်များ အရွယ်ကို ချင့်ချိန်ကာ တိုက်ကျွေးပေးလျှင် ဝမ်းဗိုက်ထိုးအောင့်ခြင်းကို ပျောက်ကင်းပါတယ်။

အရွက်ခြောက်များကို ညဉ့်စိမ်ထားပြီး နံနက်တွင် သောက်ပါက ဝမ်းသွားခြင်း၊ မီးယပ်ဖြူဆင်းခြင်း၊ သလိပ်နှင့်ရော၍ သွေးစသွေးနပါခြင်း၊ သွေးဝမ်းသွားခြင်း စသည့် ရောဂါများ ပျောက်ကင်းပါတယ်။

သံမနိုင် ကျောက်မနိုင် အပင်အစို ပဋ္ဋငါးပါးကို ရေနဲ့ သုံးခွက်တစ်ခွက်တင် ကျိုချက်၍လည်းကောင်း၊ အခြောက်ကို လက်ဖက်ခြောက် အစားထိုး၍လည်းကောင်း သောက်ပါက ဆီးပူညောင်းကျ၊ ကျောက်တည်ခြင်း၊ ဆီးချုပ်ခြင်းတို့ ပျောက်ကင်းပါတယ်။

အမျိုးသမီးများ နို့နာဖြစ်ပါက သံမနိုင်ကျောက်မနိုင် ပဋ္ဋငါးပါး(အစို)ကို ထမင်းနဲ့ ဆတူရော၍ ညက်အောင်ထောင်းပြီး နံနက်၊ ည နှစ်ကြိမ် အုံပေးပါက နလျှင် ပိန်၍ ရင့်လျှင် ပြည်ပေါက်ပါမည်။



### နလင်ကျော်

နလင်ကျော်ကို လုလင်ကျော်၊ ကညင်သိမ်ပင်ဟုလည်း ခေါ်သည်။ သစ်မာပင်ကြီးမျိုးဖြစ်သည်။ အခေါက်ထူသည်။ အခေါက်တွင် အညိုရောင်အဖုများရှိသည်။ ကိုင်းဖြာသည်။ မြန်မာဆေးကျမ်းများ အလိုအရ နလင်ကျော်သည် အေး၏၊ အခိုးကို ပွင့်စေ၏၊ အဆိပ်ကို နိုင်၏ဟု ဖွင့်ဆိုထားသည်။

ကင်း၊ ပင့်ကူကိုက်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ အသားကွက်၍ ယားယံခြင်း၊ ရောင်ခြင်းများဖြစ်လျှင် နလင်ကျော်ကို ဆားနဲ့သွေး၍လိမ်းပေးလျှင် ပျောက်ကင်းပါတယ်။

ဖျားနာ၊ အညှော်မိ၊ အနာဝင်၊ ငန်းမန်းအားကြီးလျှင် နလင်ကျော်ကို ရေနှင့်သွေး၍ သောက်ခြင်း၊ လိမ်းခြင်းဖြင့် ပျောက်ကင်းပါတယ်။ ဝမ်းချုပ်နေပါက ဆားထည့်သောက်လျှင် ဝမ်းသွားစေပါတယ်။

ဝမ်းဖော၊ ဝမ်းရောင်နဲ့ ရေတော်ဝမ်းကျဖြစ်ပါက ထမင်းဆုပ် မီးဖုတ်စိမ်ရည်နဲ့ နလင်ကျော်သွေးသောက်ပါက ပျောက်ကင်းပါတယ်။

ဆုံဆို့နာ၊ သွေးလွန်တုပ်ကွေးရောဂါ၊ ပင်လယ်အူနာရောဂါ၊ အမျိုးသမီးများ တကျည်းကိုက်ရောဂါများအတွက် အမြစ်ကို ရေနဲ့သွေး၍ သောက်ပေးပါက ပျောက်ကင်းပါတယ်။

ကိုယ်လက်လေးခြင်း၊ နာကျင်ခြင်း၊ ဒူးဆစ်များ ကျဉ်ခြင်း၊ မောပန်းခြင်းဖြစ်လျှင် နလင်ကျော်ကို ပရုတ်ဆီနဲ့သွေး၍လိမ်းခြင်း၊ သောက်ခြင်းဖြင့် ပျောက်ကင်းပါတယ်။

မျက်စိနာ၊ မျက်စိမှုန်ဖြစ်ပါက နလင်ကျော်မြစ်ကို သွေးပြီး မျက်လုံးကို ဝိုင်း၍ လိမ်းပေးပါက ပျောက်ကင်းပါတယ်။

နို့တွင် အနာဖြစ်ပါက နလင်ကျော်မှုန့်ကို ရေနှင့်ဖျော်၍ လိမ်းပေးပါက ပျောက်ကင်းပါတယ်။ အဆုတ်နဲ့ အူတွင် အနာဖြစ်ပါက နလင်ကျော်မြစ်ကိုသွေး၍သောက်ခြင်းဖြင့် ပျောက်ကင်းပါတယ်။

နှာပိတ်၊ ထိပ်ကပ်နာဖြစ်ပါက နလင်ကျော်မှုန့်ကို ရှူပေးပါက ပျောက်ကင်းပါတယ်။

အမှုန့်ကို ဆန်ဆေးရည်နဲ့သောက်ပါက ညောင်းကျရောဂါ၊ ဝမ်းတွင်းပုပ်၊ နှလုံးမငြိမ်မသက်ဖြစ်ခြင်း၊ နှုတ်ခမ်းအာခေါင်ခြောက်ရောဂါများ ပျောက်ကင်းပါတယ်။

နလင်ကျော်ကို ဆားနဲ့သွေးလိမ်းပါက ကိုယ်လက်ကိုက်ခဲခြင်း၊ အသားကွက်၍ ယားယံခြင်းတို့ ပျောက်ကင်းပါတယ်။

### သတိပြုရန်

နလင်ကျော်မှုန့်ကို စားသုံးနေစဉ်အတွင်း ထန်းလျက်မစားရပါ။ စားမိလျှင် သေတတ်သည်။ (အချိုမှုန့်သမျှ ရှောင်ရန်လိုအပ်ပါသည်။)



### ဇွန်ပန်းပင်

ဇွန်ပန်းပင်သည် အရသာချို၏၊ ခါး၏၊ အေး၏၊ စပ်၏၊ ကြေကျက်လွယ်၏၊ နှလုံးကို ကျေးဇူးပြု၏၊ သလိပ်နှင့်လေကို ဖြစ်စေ၏၊ သည်းခြေကို နိုင်၏။

ဆီးရောဂါ၊ ရေငတ်ခြင်း၊ ပူခြင်း၊ အရေပြားရောဂါအမျိုးမျိုး၊ အနာပေါက်၊ သွေးဖောက်ပြန်၊ မျက်စိ၊ ခံတွင်း၌ဖြစ်သော ရောဂါများ၊ အဆိပ်သင့်ရောဂါ စသည်တို့ကို ပျောက်ကင်းစေနိုင်၏။

ဇွန်ပင်အရွက်ကို ဝါး၍ ငုံပေးပါက ပါးစပ်ကွဲခြင်း၊ ပါးစပ်၌ အဖုအပိမ့်များပေါက်ခြင်းတို့ ပျောက်ကင်းပါတယ်။

ဇွန်ရွက် သတ္တုရည်ကို စစ်၍ နားထဲသို့ နှစ်စက် (သို့မဟုတ်) သုံးစက်ခန့်ခတ်ပေးပါက နားကိုက်၊ နားပြည်ယိုတို့ လျင်မြန်စွာ ပျောက်ကင်းပါတယ်။

အရွက်ကို ကြိတ်၍ အုံပေးပါက ခြေဖဝါးကွဲအက်နာ ပျောက်ကင်းပါတယ်။

အမြစ်ကို ရေနဲ့သွေးလိမ်းပေးပါက ပွေး၊ ယားနာတို့ ပျောက်ကင်းပါတယ်။ အခေါက်ကို ဓားနဲ့ခုတ်ထစ်သောအခါ ထွက်လာသော နို့စေးကို မကျက်နိုင်သော အနာများ၊ အရိုးအဆစ်လွဲသော နေရာပတ်လည်တွင် လိမ်းပေးပါက ပျောက်ကင်းပါတယ်။

ခေါင်းတစ်ခြမ်းကိုက်၍ စိတ်မကြည်မလင်ဖြစ်နေပါက အစေးကို လိမ်းပေးပါက ပျောက်ကင်းပါတယ်။



### ပူစီနံ

ပူစီနံရွက် ၁၀ ရွက်ခန့်ကို ပွက်ပွက်ဆူနေတဲ့ ရေနွေးထဲသို့ စိမ်ပြီး လက်ဖက်ရည်ကြမ်းကဲ့သို့ မကြာခဏ သောက်ပေးပါက ခေါင်းတစ်ခြမ်းကိုက်ခြင်း၊ လက်ချောင်းထိပ်များ ထုံကျဉ်ခြင်းကို သက်သာစေပြီး လည်ချောင်းနာခြင်း၊ အအေးမိ၍ အဝါရောင်သလိပ်ထွက်ခြင်းတို့ကိုပါ သက်သာပျောက်ကင်းစေပါတယ်။

ပူစီနံအရည်ကို သောက်သုံးခြင်းဖြင့် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်စေပြီး အဆီကိုလည်း ကျစေပါတယ်။

ပူစီနံအရည်ကို သောက်ပါက ခံတွင်းကို ရှင်းစေတယ်၊ အစာလည်းကြေစေတယ်၊ အစာမာစားတာများရင် (သို့မဟုတ်) အစာမကြေဖြစ်တာတွေ ပျောက်ကင်းပါတယ်။

ပူစီနံကို ပုံမှန်စားသုံးပေးပါက အာရုံကြောအားကောင်းစေပြီး ခေါင်းကိုက်နေချိန်မှာလည်း စားသုံးပေးရင် ပူစီနံရဲ့ အနံ့ကြောင့် ခေါင်းကိုက်တာကိုလည်း ပျောက်ကင်းစေပါတယ်။

ချောင်းဆိုးပျောက်ဆေးအများစုမှာ ပူစီနံရဲ့ဓာတ်ကို ထည့်သွင်းထုတ်လုပ်ထားပြီး အနည်းငယ်ပူရှိန်းတဲ့ဓာတ်ကြောင့် ချွဲကျစေနိုင်ပြီး ချောင်းဆိုးလည်း ပျောက်ကင်းစေပါတယ်။

ပန်းနာရင်ကြပ်သမားတွေ ပူစီနံကို ပုံမှန်စားသုံးပေးပါက လည်ချောင်းရှင်းပြီး အသက်ရှူလမ်းကြောင်းကိုလည်း ကောင်းမွန်စေပါတယ်။

နို့တိုက်မိခင်တွေ ပူစီနံကို အနည်းငယ်စားပေးပါက နို့ထွက်အားကောင်းလာစေပါတယ်။

ပူစီနံရွက်ထဲမှာပါတဲ့ ပူရှိန်းတဲ့ဓာတ်ဟာ သွေးထဲက အဆီခဲတွေကို ဖယ်ရှားပေးနိုင်တာကြောင့် အဝလွန်ခြင်းကို ကာကွယ်ပေးနိုင်ပါတယ်။

အရွက်ကို ပုံမှန်စားသုံးပေးပါက အရေပြားကို စိုစွတ်အေးမြစေတယ်၊ စိုပြည်စေတယ်၊ နေပူဒဏ်ကို ခံနိုင်စေတယ်။ ပူစီနံနဲ့ ဖော်စပ်ထားတဲ့ အရေပြားလိမ်းဆေးတွေက အရေပြားကူးစက်ရောဂါတွေကိုပါ ကာကွယ်ပေးနိုင်ပါတယ်။

အသက်အရွယ်ကြီးလာခြင်းအတွက်ရော၊ စိတ်ဖိစီးမှုများခြင်းကြောင့် သတိမေ့တတ်ခြင်းကိုပါ ပူစီနံက ကာကွယ်ပေးနိုင်ပါတယ်။

အဝလွန်ခြင်းကို ကာကွယ်ပေးနိုင်သလို ကိုယ်အလေးချိန်များနေသူတွေ၊ အဝလွန်နေသူတွေကိုလည်း သွေးထဲက အဆီတွေ ဖယ်ရှားပေးနိုင်တာကြောင့် ကိုယ်အလေးချိန်မှန်စေပြီး ပိန်စေနိုင်ပါတယ်။

ကင်ဆာဖြစ်စေမယ့် ဆဲလ်တွေရဲ့ဖြစ်တည်မှုနဲ့ ကင်ဆာဆဲလ်တွေကို သေစေနိုင်မှုတွေကို ပူစီနံဓာတ်က ကူညီတိုက်ဖျက်ပေးနိုင်ပါတယ်။



### ကနဖော့

အသည်းအားနည်းခြင်း၊ အရက်သောက်၍ အသည်းပျက်စီးခြင်း၊ အသည်းတွင် ပိုးရှိသောရောဂါများအတွက် ကနဖော့ပင်ကို ဆန်ဆေးရည်၊ မုန်ညင်းဆီတို့နဲ့ ထည့်ပြုတ်၍ ဆားအနည်းငယ်ဖြင့် ရောစပ်သောက်သုံးပါက ပျောက်ကင်းပါတယ်။

ကျောက်ကပ်ကျောက်တည်ပါက ကနဖော့ပြုတ်ရည်ကို သကြား(သို့မဟုတ်)ပျားရည်နဲ့ ရောစပ်သောက်ပေးပါက ပျောက်ကင်းပါတယ်။

ရေဖျဉ်းစွဲခြင်း၊ ဖောရောင်ခြင်းဖြစ်ပါက ကနဖော့ကိုပြုတ်၍ စားခြင်း၊ ပြုတ်ရည်ဖြင့် ချွေးအောင်းပေးပါက သက်သာပျောက်ကင်းပါတယ်။

ဆီးပူညောင်းကျရောဂါဖြစ်ပါက အရွက်သတ္တုရည်ကို နွားနို့နဲ့ဖြစ်စေ၊ ဆိတ်နို့နဲ့ဖြစ်စေ ရောစပ်၍ သောက်ပေးပါက ပျောက်ကင်းပါတယ်။

အရေပြားယားယံပါက ပြုတ်ရည်ဖြင့် ရေချိုးပေးပါက ပျောက်ကင်းပါတယ်။

ဦးခေါင်းပူပါက ကနဖော့ရွက်ကို ကြိတ်၍ ဦးခေါင်းငယ်ထိပ်တွင် အုံပေးပါက သက်သာပျောက်ကင်းပါတယ်။



### သပွတ်ခါးသီး

သပွတ်ခါးသီးဟာ အဖောအရောင်အမျိုးမျိုးကို သက်သာပျောက်ကင်းစေပါတယ်။ အဖောရောဂါတွင် အရက်ဖော၊ သွေးဖော၊ လေဖော စသည်ဖြင့် အမျိုးမျိုးရှိပါတယ်။ အရောင်မှာလည်း ထိခိုက်ဒဏ်ရာကြောင့် ရောင်ခြင်း၊ ဓာတ်ပျက်၍ ရောင်ခြင်း၊ ဥတုအာဟာရဓာတ်ကြောင့် ရောင်ခြင်းဟူ၍ အမျိုးမျိုးရှိပါတယ်။ မည်သည့်အတွက်ကြောင့် ဖောဖော၊ ရောင်ရောင် အောက်ပါအတိုင်း ပြုလုပ်သုံးစွဲပါက ပျောက်ကင်းပါတယ်။

သပွတ်ခါးသီးကို သုံးပိုင်းပိုင်း၍ ရေနဲ့သုံးခွက်တစ်ခွက်တင်ကျိုပါ။ တစ်ခွက်စာကျန်သော သပွတ်ခါးသီးပြုတ်ရည်ကို တစ်ရက်ခန့် အအေးခံထားပါ။ ထိုအအေးခံထားသော အရည်နဲ့ ပျားရည်ကို ထမင်းစားဇွန်း တစ်ဇွန်းရအောင် ဆတူရောစပ်ပြီး နံနက်တစ်ဇွန်း၊ ညနေတစ်ဇွန်း သောက်ပေးပါက ဝမ်းသွားပါလိမ့်မည်။

ဝမ်းသုံးကြိမ်လောက်သွားပြီးပါက ရေကိုဝအောင်ချိုးပြီး ထမင်းဖြူကို ဆီရွှဲရွှဲဆမ်း၍ စားပေးပါက ဝမ်းလည်းရပ်သွားပြီး အဖောအရောင်လည်း သက်သာပျောက်ကင်းသွားပါလိမ့်မည်။

"အာရောဂျံ ပရမံ လာဘံ"

ကိုးကား – Tik Tok

# မန္တလေးမြို့တော်သန့်ရှင်းသာယာလှပရေးအတွက် မြို့နယ်အလိုက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**မန္တလေး အောက်တိုဘာ ၁**

မန္တလေးမြို့တော် သန့်ရှင်းသာယာလှပရေးအတွက် မြို့နယ်များအလိုက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို ယနေ့ နံနက်ပိုင်းမှ မွန်းလွဲပိုင်းအထိ အောင်မြေသာစံမြို့နယ်မှ အမရပူရမြို့နယ်အထိ မြို့နယ်အလိုက် စုပေါင်းသန့်ရှင်းရေး လုပ်ငန်းအဖြစ် ရေစီးရေလာကောင်းမွန်စေရေး မြောင်းများဆယ်ယူခြင်း၊ သစ်ပင်များအလင်းဖွင့် ကိုင်းညှိခြင်း၊ မြို့တော်သာယာလှပရေးအတွက် ပလပ်ဖောင်းများအတွင်း အလှစိုက်ပင်များ စိုက်ပျိုးခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် အောင်မြေသာစံမြို့နယ်တွင် ကမ်းနားလမ်း၊ ၂၂လမ်းမှ ၂၆လမ်းအထိနှင့် ဇေယျာတီရွှင်းသာရင်ပြင်တို့တွင်လည်းကောင်း၊ ချမ်းအေးသာစံမြို့နယ်တွင် ၇၃လမ်း၊ ၂၆လမ်းမှ ၃၅လမ်းကြားတို့တွင်လည်းကောင်း၊ မဟာအောင်မြေမြို့နယ်တွင် တက္ကသိုလ်ဝင်ပေါက်လမ်းတစ်လျှောက်နှင့် ဘွဲ့နှင်းသဘင်ခန်းမအထိ တက္ကသိုလ်ဝန်းအတွင်းတို့တွင်လည်းကောင်း၊ ချမ်းမြသာစည်မြို့နယ်တွင် ပြင်ဦးလွင်မြို့ပတ်လမ်း၊ ၁၀၁လမ်းမှ ၄၄လမ်းကြားတို့တွင်လည်းကောင်း၊ ပြည်ကြီးတံခွန်မြို့နယ်တွင် ကိုလံဘိုမြောင်း၊ ၁၁၈လမ်းမှ ဇောင်းကလောအထိလည်းကောင်း၊ အမရပူရမြို့နယ်တွင် ကမ်းနားလမ်းပန်းခြံ(၄)နှင့် ရွှေကြက်ကျဘုရားကြားအထိ လည်းကောင်း၊ မြို့နယ်အလိုက် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းကို ဌာနအလိုက် သန့်ရှင်းရေးဝန်ထမ်းများ၊ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန၊ ဈေးနှင့်သားသတ်ဌာန၊ စက်ရုံနှင့် မော်တော်ယာဉ်ဌာန၊ ရေနှင့် သန့်ရှင်းရေးဌာနတို့မှ ပူးပေါင်းဆောင်ရွက်နေမှုများကို မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးဝင်းမောင်၊ ကော်မတီဝင် ဦးမြင့်ဦး၊ ကော်မတီဝင် ဦးနေလင်းထွန်းတို့က လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။



(ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)

ဝ-ဝ-ဝ-ဝ-ဝ

# သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းများ ဖြစ်ပေါ်လာရေး ကွင်းဆင်းစစ်ဆေး

**ညောင်ဦး အောက်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများ သန့်ရှင်း၍ စိမ်းလန်းစိုပြေသော ကျောင်းများ (Clean and Green Schools) အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ခရိုင်အဆင့်လုပ်ငန်းအဖွဲ့က ယမန်နေ့ နံနက် ၉ နာရီခွဲမှ စတင်ကာ ကွင်းဆင်းစစ်ဆေး အကြံပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ညောင်ဦးခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများ သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းများ (Clean and Green Schools) ပေါ်ထွန်းလာရေးနှင့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ ကိုယ်တိုင်ပါဝင်သော သန့်ရှင်း၍စိမ်းလန်းစိုပြေသော ကျောင်းအခြေခံစံနှုန်းအညွှန်းကိန်းနှင့်အညီ ဖြစ်ပေါ်စေရေးအတွက် ညောင်ဦးခရိုင်ပညာရေးမှူး၊ ဦးကျော်ဝင်း၊ ညောင်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်ကျော်စိုး၊ ညောင်ဦးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဒေါ်ရည်မွန်သူ၊ ညောင်ဦးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဒေါ်ခင်တင့်တင့်အောင်တို့သည် ညောင်ဦးမြို့၊ အခြေခံပညာအထက်တန်းကျောင်း(ညောင်ဦး)၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ဝါခင်းကြီးကျောင်းတို့အား ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ (၄၈၁)




## နယ်သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား mandalaydailynewspaper@gmail.com မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

# အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး ပညာပေးသင်တန်းဖွင့်လှစ်

**သရက် အောက်တိုဘာ ၁**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး ပညာပေး သင်တန်းဖွင့်ပွဲ အခမ်းအနားကို ခရိုင်စိုက်ပျိုးရေးဦးစီးဌာနကကြီးကြပ်၍ ယမန်နေ့ နံနက် ၉ နာရီက သရက်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ရုံးဝင်းရှိ စိုက်ပျိုးပညာပေးရေးနှင့်ဒေသဖွံ့ဖြိုးရေး သင်တန်းကျောင်း၌ ကျင်းပသည်။ (ယာပုံ)

အဆိုပါ သင်တန်းတွင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်း ရရှိရေးနည်းလမ်းများကို ဆွေးနွေးခဲ့ပြီး ခရိုင်၊ မြေ၊ မျိုး၊ ပိုးတာဝန်ခံ သုံးဦးက EM ပြုလုပ်သုံးစွဲနည်းများ သဘာဝပိုးသတ်ဆေးပြုလုပ်သုံးစွဲနည်းများကို တစ်နိုင်တစ်ပိုင်မျိုးစေ့ထုတ်လုပ်ခြင်း နည်းစနစ်များအား သင်ကြားပို့ချပေးခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးက အဓိကသီးနှံများ ရရှိရေးဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါ သင်တန်းသို့ ကျေးရွာ အုပ်စု(၄)အုပ်စုမှ တောင်သူ ၇၅ ဦးနှင့် ခရိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်း ၃၅ ဦး စုစုပေါင်း ၁၁၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

ဇော်ထက်(သရက်)



ဖတ်စရာ၊ မှတ်စရာ စုံလင် မန္တလေး

## ပင်လယ်ဖြတ်တဲ့ ည

* အဲ့ဒီညက
မွှေးမြသင်းကြည်
နှင်းရည်ဆွတ်ဖျန်း
လရောင်သန်းနေ။

* မန်းတောင်ခြေမှ
ရေစက်ဆုံကြ
ပွဲညသံစဉ်
ချစ်သူခင်နှင့်။

* တူယှဉ်စီးမျော
ညဥ့်ယံကြောမှာ
မေတ္တာဖွဲ့နှောင်
လှမ်းစေအောင်ပင်။

* မောင်ယဉ်အောင်ရဲ့
"ဓားတောင်"ပြဇာတ်
သောင်ကမင်းစပ်မှာ
ရင်သပ်ရှုမော
ကြိမ်ဆူးတောနှင့်
အပြောကျယ်တဲ့
ကျွန်းစွယ်တွေပတ်
ပင်လယ်ဖြတ်ရင်း
မိုးလင်းခဲ့ပေါ့။ ။

(တစ်ခါက သီတင်းကျွတ် ကျောက်တော်ကြီးပွဲည အမှတ်တရ)

မောင်ဆွေသစ်(မန္တလေး)

# ဖိလစ်ပိုင်၌ အင်အားပြင်းငလျင်လှုပ်ခတ်မှုကြောင့် သေဆုံးသူ ၆၉ ဦးအထိ ရှိလာ

**မနီလာ အောက်တိုဘာ ၁**

ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်း စီဘူးပြည်နယ်၌ စက်တင်ဘာ ၃၀ ရက် ညပိုင်းက ပြင်းအား ၆ ဒသမ ၉ မဂ္ဂနီကျူ ရှိ ငလျင်လှုပ်ခတ်ရာ သေဆုံးသူဦးရေမှာ ၆၉ ဦးအထိ ရှိလာပြီဟု ဖိလစ်ပိုင်ပြည်သူ့ကာကွယ်ရေးရုံး (အိုစီဒီ) က အောက်တိုဘာ ၁ ရက်တွင် ပြောသည်။

ငလျင်၏ဗဟိုချက်နေရာဖြစ်သော ဘိုဂိုမြို့၌ သေဆုံးသူ ၃၀ ရှိပြီး မက်ဒက်အင်းမြို့တွင် ၁၀ ဦး၊ ဆန်ရီ မစ်ဂျီယိုတွင် ၂၂ ဦး၊ တာဘိုဂွန်မြို့တွင် ငါးဦး၊ ဆိုဂေါဒ်နှင့် တာဘူလန်မြို့တို့တွင် တစ်ဦးစီ ငလျင်ကြောင့် သေဆုံးခဲ့ရသည်ဟု အိုစီဒီ၏ လက်ထောက် အတွင်းဝန် ဘာနာဒိုရာဖိလစ်တို အလီဂျန်ဒရိုက သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

နေအိမ်အဆောက်အအုံများ၏ နံရံများပြိုကျမှုကြောင့် လူများသေဆုံးရခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။ အမျိုးသားသဘာဝဘေး လျှော့ချရေးနှင့် စီမံခန့်ခွဲမှုကောင်စီ၏ ကနဦး ဖော်ပြချက်အရ ဒဏ်ရာရရှိသူ ၁၄၇ ဦးထက်မနည်း ရှိသည်ဟု သိရသည်။ ပြိုကျသွားသည့်အဆောက်အအုံများနှင့် အပျက်အစီးများအောက်တွင် ပိတ်မိနေသူများအား အရေးပေါ်ကယ်ဆယ်ရေးလုပ်သားများက ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်နေသည့်အတွက် သေဆုံးသူဦးရေမှာ ထပ်တိုးလာဖွယ်ရှိသည်။

ဖိလစ်ပိုင်မီးတောင်နှင့် ငလျင်ပညာရပ်ဆိုင်ရာ တိုင်းတာရေးအင်စတီကျူ၏ ကနဦးထုတ်ပြန်ချက်အရ စီဘူးပြည်နယ်၌ စက်တင်ဘာ ၃၀ ရက် ည ၉ နာရီ ၅၉ မိနစ်က ပြင်းအား ၆ ဒသမ ၇ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်ခဲ့သည်ဟု ဖော်ပြထားသည်။ နောက်ပိုင်းတွင် ပြင်းအား ၆ ဒသမ ၉ မဂ္ဂနီကျူဟု ပြင်ဆင်ခဲ့သည်။

ငလျင်၏အနက်မှာ ၅ ကီလိုမီတာရှိပြီး ဘိုဂိုမြို့ အရှေ့မြောက်ဘက် ၁၉ ကီလိုမီတာခန့်အကွာတွင် လှုပ်ခတ်ခဲ့ကြောင်း ဖြည့်စွက်ဖော်ပြခဲ့သည်။ စက်တင်ဘာ ၃၀ ရက် ညပိုင်းမှစ၍ နောက်ဆက်တွဲငလျင်ပေါင်း ၆၀၀ ကျော် လှုပ်ခတ်ပြီးဖြစ်ကြောင်း အင်စတီကျူက သတင်းထုတ်ပြန်သည်။

**ဆင်ဟွာ**



စီဘူးပြည်နယ် ဘိုဂိုမြို့၌ ငလျင်ကြောင့်အပျက်အစီးများကို တွေ့ရစဉ်။

## အင်ဒိုနီးရှားနိုင်ငံ၌ ပြိုကျစာသင်ကျောင်းအဆောက်အအုံတွင် ကျောင်းသား ကျောင်းသူ ၉၁ ဦး ပိတ်မိနေ

**ဂျကာတာ အောက်တိုဘာ ၁**

စာသင်ကျောင်း အဆောက်အအုံ ပြိုကျမှုဖြစ်ပွားပြီးနောက် နှစ်ရက်အကြာတွင် အပျက်အစီးများအောက်၌ ကျောင်းသား ကျောင်းသူ ၉၁ ဦး ပိတ်မိနေနိုင်သေးကြောင်း အင်ဒိုနီးရှားဘေးအန္တရာယ်စီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့က ပြောသည်။



အရှေ့ဂျာဗားပြည်နယ် ပြိုကျစာသင်ကျောင်းအဆောက်အအုံ အပျက်အစီးများအောက် အသက်ရှင်ကျန်ရစ်သူများအား ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်စဉ်။

အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားပြည်နယ်တွင်ရှိသည့် အဆိုပါ စာသင်ကျောင်း အဆောက်အအုံမှာ စက်တင်ဘာ ၂၉ ရက်က ရုတ်တရက် ပြိုကျခဲ့ခြင်းဖြစ်သည်။ ယင်းဖြစ်ရပ်ကြောင့် ကျောင်းသား ကျောင်းသူ သုံးဦးထက်မနည်း သေဆုံးကြောင်း အတည်ပြုနိုင်ခဲ့ပြီး အခြား ၂၆ ဦးမှာ ဆေးရုံ၌ ဆေးဝါးကုသမှု ခံယူလျက်ရှိကြောင်း သိရသည်။

ကျောင်းတက်မှတ်တမ်းများကို ပြန်လည်စစ်ဆေးပြီးနောက် အပျက်အစီးများ အောက်တွင် ကျောင်းသား ကျောင်းသူ ၉၁ ဦး ပိတ်မိနေသည်ဟု ယုံကြည်ရကြောင်း တာဝန်ရှိသူများက စက်တင်ဘာ ၃၀ ရက်တွင် ပြောသည်။ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများတွင် တပ်မတော်နှင့် ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြိုကျသွားသော စာသင်ကျောင်းအဆောက်အအုံမှာ တိုးချဲ့ဆောက်လုပ်နေခြင်းဖြစ်ကြောင်းနှင့် အဆောက်အအုံပြိုကျရသည့်အကြောင်းရင်းမှာ ဆောက်လုပ်မှုပိုင်းဆိုင်ရာတွင် မပြည့်စုံမှုသို့မဟုတ် ချွတ်ယွင်းမှုကြောင့် ဖြစ်နိုင်ကြောင်း အာဏာပိုင်များက ပြောသည်။

**အင်န်အိတ်ချ်ကေ**

INTERNATIONAL NEWS
နိုင်ငံတကာသတင်းများ

## ထိုင်းအစိုးရသစ်၏ ဦးစားပေးအစီအစဉ်ထိပ်ဆုံးတွင် စီးပွားရေးပြန်လည်အသက်သွင်းရေး ပါဝင်သည်ဟု ဆို

**ဘန်ကောက်**
**အောက်တိုဘာ ၁**

ထိုင်းနိုင်ငံ၏ အစိုးရသစ်သည် စီးပွားရေး ပြန်လည်အသက်သွင်းရေးကို ၎င်း၏ ဦးစားပေး အစီအစဉ်များ၏ ထိပ်ဆုံးတွင် ထားရှိမည်ဖြစ်ကြောင်း အစိုးရ၏ မူဝါဒကြေညာချက်ကို ပါလီမန်သို့ တင်ပြရာ၌ ဝန်ကြီးချုပ် အနုတင် ချန်ဗီရာကူလ်က ပြောကြားခဲ့ပြီး ရေရှည်တည်တံ့သော တိုးတက်မှုအတွက် အခြေခံအုတ်မြစ်များ ချမှတ်နေစဉ် ချက်ချင်း ပြဿနာများကို ဖြေရှင်းရန် လျင်မြန်စွာ ဆောင်ရွက်သွားမည်ဟု ကတိပြုလိုက်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ထိုင်းနိုင်ငံအနေဖြင့် "ဘက်ပေါင်းစုံမှ မသေချာမရေရာမှုများ" နှင့် ရင်ဆိုင်နေရသည်ကို မီးမောင်းထိုးပြရင်း အဓိက နယ်ပယ်လေးခုဖြစ်သည့် စီးပွားရေး၊ လုံခြုံရေး၊ ဘေးအန္တရာယ် စီမံခန့်ခွဲရေးနှင့် လူမှုရေးကိစ္စရပ်များကို အာရုံစိုက်သည့် ပြည့်စုံသော စီမံချက်ကို ဝန်ကြီးချုပ် အနုတင်က အကျဉ်းချုပ် တင်ပြခဲ့သည်။

စီးပွားရေး မူဝါဒများတွင် လူနေမှုစရိတ်များ လျှော့ချရန်အတွက် ပူးတွဲ-ပေးချေမှု အစီအစဉ်၊ စိုက်ပျိုးရေး ထွက်ကုန်များ၏ ဈေးနှုန်းများကို ဆက်လက်ထိန်းချုပ်ခြင်းနှင့် ကုန်သည်ငယ်များ၊ စွန့်ဦးတီထွင်သူများ၊ တောင်သူလယ်သမားများနှင့် ဒေသခံအသိုက်အဝန်းများအတွက် ဝင်ငွေ ဖန်တီးမှုနှင့် ယှဉ်ပြိုင်နိုင်စွမ်း မြှင့်တင်ရန် အစပျိုးမှုများ ပါဝင်မည်ဖြစ်သည်။

အခွန်အကောက်မှုတွင် ဖြစ်ပေါ်လာသည့် စိန်ခေါ်မှုများကြားတွင် ကုန်သွယ်ရေးကို မြှင့်တင်ရန်နှင့် ဈေးကွက်သစ်များတွင် မိတ်ဖက်ပူးပေါင်းမှုများ တိုးချဲ့ရန်အတွက် အရာရှိများ၊ စက်မှုလုပ်ငန်း ကိုယ်စားလှယ်များနှင့် ကျွမ်းကျင်သူများ ပါဝင်သည့် ထိုင်းအဖွဲ့ကို ဖွဲ့စည်းတည်ထောင်သွားမည်ဟု ဆိုသည်။

ထို့ပြင် အနုတင်သည် ထိုင်း-တရုတ် ချစ်ကြည်ရေး၏ ခိုင်မာမှုကို ထပ်လောင်းအတည်ပြုခဲ့ပြီး နယ်ပယ်အားလုံးတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာကိုလည်း ယုံကြည်မှုရှိသည် ဟု ထည့်သွင်းပြောကြားခဲ့ကြောင်း သိရသည်။

**Mon**

STOP AIDS

## စမတ်နာရီနှင့် နားကြပ် အပါအဝင် ဝတ်ဆင်နိုင်သည့် ထုတ်ကုန်သစ်များ တရုတ်နိုင်ငံအခြေစိုက် ဟွာဝေးနည်းပညာကုမ္ပဏီ မိတ်ဆက်ပြသ




**ပေကျင်း အောက်တိုဘာ ၁**

စားသုံးသူ အီလက်ထရောနစ် ပစ္စည်းဈေးကွက်တွင် ၎င်း၏ ဈေးကွက်တည်ရှိမှု အားကောင်းစေရန် ကြိုးပမ်းနေသည့်အတွက် စမတ်နာရီများနှင့် နားကြပ်များ အပါအဝင် ဝတ်ဆင်နိုင်သည့်နှင့် အသံထွက်ကုန်လိုင်းသစ်တစ်ခုကို တရုတ်နိုင်ငံအခြေစိုက် ဟွာဝေးနည်းပညာကုမ္ပဏီက မိတ်ဆက်ပြသမိတ်ဆက်လိုက်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ယခုမိတ်ဆက်ပြသသော ဂျီတီ ၆ လက်ပတ်နာရီစီးရီးတွင် ဘက်ထရီသက်တမ်း ၂၁ ရက်အထိ ခံသော ၄၆ မီလီမီတာ မော်ဒယ်နှင့် ကျန်းမာရေးစောင့်ကြည့်မှု လုပ်ဆောင်ချက်များ မြှင့်တင်ထားသော မော်ဒယ်များပါဝင်သည်။

ယခင်မျိုးဆက်ထက် နေရာအတိအကျ ဖော်ပြနိုင်မှု ၂၀ ရာခိုင်နှုန်း ပိုမိုကောင်းမွန်အောင် အဆင့်မြှင့်တင်ထားသော နေရာသတ်မှတ်ခြင်းစနစ်နှင့် ဆီလီကွန်မြင့် ပုံစံထုတ် ဘက်ထရီအသစ်ကို ယင်းကိရိယာများ၌ အသုံးပြုထားသည်ဟု ဟွာဝေးက ထုတ်ပြန်ကြေညာသည်။

ထို့ပြင် ဟွာဝေးသည် ဒင်နင်အပြာ၊ ငှက်မွေးအဖြူရောင်နှင့် ခေတ်မီအနက်ရောင်စသော အရောင်များဖြင့် ရရှိနိုင်သည့် နားကလစ်ပုံစံ ကြိုးမဲ့နားကြပ်ကိုလည်း မိတ်ဆက်ခဲ့သည်။

ယင်းကိရိယာသည် ဟွာဝေး၏ ဟာမိုနီအိုအက်စ်အေအိုင်စနစ်မှတစ်ဆင့် အသံအကူ လုပ်ဆောင်ချက်များကို ပံ့ပိုးပေးပြီး အချိန်နှင့်တပြေးညီ ဘာသာပြန်ဆိုခြင်း၊ စမတ်သတိပေးချက်များနှင့် ဦးခေါင်းလှုပ်ရှားမှုဖြင့် ထိန်းချုပ်မှုများကို ပေးစွမ်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

**Mon**

# မြတ်ဆရာ

‘ဆရာ’ဟူသည် ပညာသင်ကြားပို့ချသူ၊ သွန်သင်ဆုံးမနည်းလမ်းပြသူ၊ အတတ်ပညာတစ်ရပ်ရပ်ကို ပိုင်နိုင်ကျွမ်းကျင်သူ’ဟူ၍ မြန်မာအဘိဓာန်တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

‘ဆရာ’ဟူသည် ‘ဆာတယာ’ အေးမြခြင်း၊ အရိပ်ပေးခြင်း၊ မိမိ၏အရိပ်သို့ ခိုလှုံလာသူများကို အေးချမ်းစေခြင်း’ဟု ဆိုသည့်အတိုင်း ကြင်နာသနားစာနာထောက်ထားတတ်သူ’များလည်း ဖြစ်သည်။ အရာရာကို ချင့်ချင့်ချိန်ချိန်၊ နှိုင်းနှိုင်းဆဆ တွေးခေါ်မြော်မြင်တတ်သူများလည်းဖြစ်သည်။

မုတာစရိယ-သင်ဆရာ၊ ဒိဋ္ဌာစရိယ-မြင်ဆရာ၊ သုတာစရိယ-ကြားဆရာတို့သည် မိလိန္ဒပဉှာကျမ်းတွင် ဆရာဂုဏ်အင်(၂၅)ပါးမှာ ပါရှိပါသည်။ ပညာသင်ကြားပို့ချပေးသူကို ‘အာစရိယ’ ဆရာ၊ လိမ္မာရေးခြားရှိစေရန် ပဲ့ပြင်ဆုံးမတတ်သူကို ‘ဥပဇ္ဈာယ်’ ဆရာဟူ၍လည်း အဆိုရှိပါသည်။ မည်သို့ပင်ဆိုစေ မြတ်ဆရာတိုင်းသည် စေတနာ၊ ဝါသနာ၊ အနစ်နာတည်းဟူသော တစ်ခုတည်းသော ဝါဒကို လက်ကိုင်ထားကြသူများ ဖြစ်ကြပါသည်။

ဆရာတို့၏ ဂုဏ်ကျေးဇူးကို မန်လည်ဆရာတော်ဘုရားကြီး၏ မာဃဒေဝလင်္ကာသစ်တွင် -

‘ရှေးရှုမေတ္တာ ကရုဏာနှင့်
နာနာကျင်ကျင် အပြစ်မြင်တိုင်း
ဝမ်းတွင်းမသို ဟုတ်တိုင်းဆို၍
ကျိုးလိုစိတ်က ဆုံးမတတ်သူ
‘ဆရာ’ဟူလော’ဟု ရေးဖွဲ့ကျေးဇူးဆပ်ခဲ့ပေသည်။

‘ဆရာ’ဟူသည် ကျောင်းနေစအရွယ်မှစ၍ ပညာသင်ယူမှုများ ဆုံးခန်းတိုင်သည်အထိ သင်ကြားပြသပေးသူများ ဖြစ်ကြပါသည်။ ကျောင်းနေစအရွယ်မှာ ဆရာများသည် တပည့်များကို စာသင်ကြားပေးရသည့်တာဝန်အပြင် ‘အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ဖို့ ဆရာတို့၊ ကျင့်ဖို့ဝတ်ငါးဖြာ’ ဟူသော သိင်္ဂါလောဝါဒဆုံးမစာအတိုင်း ဆရာ့ဝတ္တရားများကိုပါ သင်ကြားပို့ချပေးဆပ်ကြသူများ ဖြစ်ကြပါသည်။

ကျောင်းသင်ခန်းစာများကိုသာမက တပည့်များကို ကာယ၊ ဉာဏ၊ စာရိတ္တမဏ္ဍိုင်များကိုလည်း တည့်မတ်အောင်၊ လိမ္မာယဉ်ကျေးအောင်၊ အများအကျိုးသယ်ပိုးတတ်အောင် သင်ကြားပြသသွန်သင်ဆုံးမပေးခဲ့ကြပါသည်။

‘ဆရာ’ဟူသော စကားလုံးသည် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများ၏ ရင်ထဲမှာရှိပြီးသား၊ ရင်းနှီးကျွမ်းဝင်ပြီးသား ဖြစ်ပါသည်။ ဗုဒ္ဓဘာသာဝင်အားလုံးအတွက် ရှိခိုးပူဇော်ကန်တော့ခြင်းဖြစ်သော အနန္တော၊ အနန္တငါးပါးတွင် ဆရာသည် တစ်ပါး အပါအဝင် ကျေးဇူးရှင်များ ဖြစ်ကြပါသည်။

‘ရှိသေ ချစ်ထိုက်၊ ချီးမွမ်းထိုက်နှင့်
လူမိုက်ဆုံးမ မေးသမျှခံ
ခံ့မွန်နက်နဲ ဟောနိုင်မြဲ၍
ကျိုးနည်းမတန်း ခုနစ်ခန်းနှင့်
ပြည့်လျှမ်း ညီညာ မြတ်ဆရာ…’

**(မန်လည်ဆရာတော်ဘုရားကြီး)**

မြတ်ဆရာတို့၏ ဝိသေသဂုဏ်ပုဒ်များလည်း ရှိပါသည်။

(၁) သီလ၊ သမာဓိ၊ ပညာနှင့်ပြည့်စုံ၍ ရိုသေထိုက်သူ ဖြစ်ရမည်။

(၂) ချစ်ဖွယ်၊ လေးစားဖွယ် ကောင်း၍ ချီးမွမ်းခံထိုက်သူ ဖြစ်ရမည်။

(၃)လမ်းလွဲနေသူကို လမ်းမှန်ရောက်အောင် ဆုံးမနိုင်သူ ဖြစ်ရမည်။

(၄) မသိနားမလည်သူကို သိနားလည်အောင် ဆောင်ကြဉ်းပေးနိုင်ရမည်။

(၅) နက်နဲသိမ်မွေ့သော သဘောတရားများကို သင်ကြားပေးနိုင်ရမည်။

(၆) ကောင်းစွာ သင်ကြားပေးနိုင်သူ၊ ဟောပြောပေးနိုင်သူ ဖြစ်ရမည်။

(၇) မိမိတပည့်၏ အကျိုးစီးပွားမဲ့သောလုပ်ငန်းများကို တွန်းအားမပေးသူ၊ လမ်းညွှန်ခြင်း မပြုသူ ဖြစ်ရမည်။

‘ဆရာ’ဆိုသည်မှာ ကိုယ့်ကိုယ်ကိုယ်လည်း ကိုယ်ကျင့်တရားကောင်းမွန်ကာ ပညာမှာ တာဝန်ယူရသူ ဖြစ်သကဲ့သို့ တပည့်တွေကိုလည်း ကိုယ်ကျင့်တရားကောင်းမွန်ကာ စံပြုထိုက်သူဖြစ်အောင် ပြောဆိုနေထိုင်ဖို့ တာဝန်ယူထားသူဖြစ်၏။ ဆရာများသည် မျိုးဆက်သစ်တစ်ခုမှ နောက်မျိုးဆက်သစ်တစ်ခုအတွက် ပညာရပ်များကို လက်ဆင့်ကမ်း ပြုစုပျိုးထောင်ပေးသူများလည်း ဖြစ်၏။ အနာဂတ်ပညာရေးရှင်သန်မှုကို ပါရမီပြည့်သူများလည်း ဖြစ်၏။

‘အလွန်တရာ သစ်ရိပ်မှာလျှင်
ချမ်းသာသည်ထက် စုံမက်မြတ်နိုး
ဆွေမျိုး၊မိဘ အရိပ်ရသော်
အေးမြသည်ပင် ထိုထက်လျှင်လည်း
ပဲ့ပြင်ဆရာ အရိပ်မှာကား
ချမ်းသာပွား၏’ ဟူ၍
လောကနီတိပျို့မှာ ညွှန်းဆိုပြထားပါသည်။

အဖိုးတန်ကျောက်ရိုင်းတုံး တစ်တုံးကို သဘာဝအတိုင်းထားရုံဖြင့် တန်ဖိုးမသိနိုင်ပါ။ ကျောက်ရိုင်းတုံးကိုဖြတ်ကာသွေးပြီး အရောင်တင်လိုက်ပါမှ တန်ဖိုးအနဂ္ဃ ထိုက်တန်ကြောင်းဆိုတာ ကျောက်ရဲ့အရည်အသွေးက ပေါ်လာပါသည်။ ထိုနည်းတူ ဆရာများသည်လည်း တပည့်များ၏ ဘဝတန်ဖိုးမြင့်မားအောင်၊ အရည်အသွေးတက်အောင် အရောင်တင်ပေးသူများ ဖြစ်ကြပါသည်။

အိုးဖုတ်သူသည် အိုး၏အရည်အသွေးကောင်းမွန်အောင် အိုးကို ခပ်နာနာရိုက်ပေးမှ ‘ဒေါင်ဒေါင်မည်မှအိုး’ဆိုသည့်စကားအတိုင်း အိုးကောင်းရပါသည်။ ထိုနည်းတူ ဆရာများသည် တပည့်များကို အရည်အသွေးကောင်းမွန်အောင် စေတနာအပြည့်အဝနဲ့ အားသွန်ခွန်စိုက် အင်တိုက်အားတိုက် ပဲ့ပြင်ဆုံးမ ပုံသွင်းပေးကြရပါသည်။

ဆရာများသည် ဘဝခရီးမှာ လမ်းမှားမရောက်အောင် မီးမောင်းထိုးပြီး မီးပြတိုက်ပမာ လမ်းညွှန်ပြသပေးသူများ ဖြစ်ကြပါသည်။ ဆရာများသည် တပည့်များ၏ဘဝကို အရောင်အသွေးစုံစွာ အဆင်းရနံ့ သင်းပျံ့မွှေးကြိုင်လန်းဆန်းဖူးပွင့်အောင် မေတ္တာရေလောင်းပေါင်းသင်ကာ အလှဆင်ပေးနေကြသော ဥယျာဉ်မှူးများလည်း ဖြစ်ကြပါသည်။

ဆရာများသည် တပည့်များ၏အကျိုးကို ဆင်းရဲချမ်းသာမရွေး၊ အချိန်အခါမရွေး ပုဂ္ဂိုလ်စွဲကင်းစွာ သင်ကြားပြသပေးကြပါသည်။ ကျောင်းသင်ခန်းစာများကို သင်ကြားပို့ချရုံမျှမက မြတ်ဗုဒ္ဓ၏ အဆုံးအမများကို သင်ကြားကာ စိတ်ပိုင်းဆိုင်ရာများ၊ ကိုယ်အမူအရာများကိုလည်း လိမ္မာယဉ်ကျေးအောင်၊ အန္တရာယ်တွေ မကျရောက်အောင် တားဆီးကာကွယ်ပေးသူများလည်း ဖြစ်ကြပါသည်။

စာရေးသူ ငယ်ရွယ်စဉ် မူလတန်းကျောင်းမှာ ပညာသင်ချိန်အခါက ကျောင်းတက်ခေါင်းလောင်းထိုးလိုက်လျှင် ကျောင်းသား၊ ကျောင်းသူအားလုံး သူငယ်တန်း၊ ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်း၊ စတုတ္ထတန်းများသည် ကိုယ့်အတန်းနဲ့ကိုယ် တန်းစီကြရပါသည်။ ကျောင်းသား၊ ကျောင်းသူအားလုံး နိုင်ငံတော်သီချင်းကို ညီညီညာညာ သံပြိုင်သီဆိုကြကာ နိုင်ငံတော်အလံကို ရိုရိုသေသေ လေးလေးစားစား ညီညွတ်ကာ အလေးပြုကြရပါသည်။ ထို့နောက် ကျောင်းအုပ်ဆရာကြီးက ကျောင်းစည်းကမ်းများကို ဆုံးမဩဝါဒစကားများ ပြောကြားပါသည်။ ထို့နောက် ကိုယ်စာသင်ကြားနေသည့် စာသင်ခန်းများဆီသို့ တန်းစီပြီး သွားကြရပါသည်။ စာသင်ခန်းထဲသို့ရောက်လျှင် ဩကာသ ကန်တော့ချိုးနှင့် ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာဟူ၍ အနန္တော၊ အနန္တငါးပါးကို ရှိခိုးပူဇော်ကန်တော့ကြရပါသည်။

အတန်းပိုင်ဆရာ၊ ဆရာမများက သုံးဆယ့်ရှစ်ဖြာမင်္ဂလာတရားတော်ကို ရွတ်ဆိုခိုင်းကြပါသည်။ ထိုသုံးဆယ့်ရှစ်ဖြာမင်္ဂလာတရားတော်၏ အဓိပ္ပာယ်များကို ရှင်းလင်းပြောပြသင်ကြားပေးပါသည်။ သုံးဆယ့်ရှစ်ဖြာမင်္ဂလာတရားတော်၏ အနှစ်ချုပ်မှာ မြန်မာ့ယဉ်ကျေးမှုနှင့်အညီ ကျင့်ကြံနေထိုင်သွားကြပြီး အမျိုးဘာသာ၊ သာသနာကို စောင့်ရှောက်တတ်သည့် နိုင်ငံ့သားကောင်း၊ နိုင်ငံ့သမီးကောင်းများ တိုးပွားပေါ်ထွန်းလာစေရန် ဖြစ်သည်။ လူနဲ့လူချင်းပေါင်းသင်းဆက်ဆံကြရာတွင် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဗြဟ္မစိုရ်တရားလေးပါး လက်ကိုင်ထားကာ ကိုယ်ချင်းစာနာတတ်အောင် ဆုံးမစကားများ ပြောကြားကြပါသည်။

ဆရာများသည် တပည့်များ၏ဘဝ ဖွံ့ဖြိုးတိုးတက်ရေး ပြည်သူ့နီတိကျင့်ဝတ်နှင့် စံနှုန်းများကို လေးစားလိုက်နာရေးတို့ကို ပဲ့ပြင်ဆုံးမသွန်သင်ကြပါသည်။ လူမှုကျင့်ဝတ်စောင့်ထိန်းကျင့်သုံးရန်လည်း ပဲ့ပြင်ဆုံးမကြပါသည်။ စကားပြောဆိုကြရာတွင် ယဉ်ကျေးသိမ်မွေ့ရမည်။ ရိုင်းရိုင်းစိုင်းစိုင်း မပြောဆိုရပါ။ ကိုယ်အမူအရာ၊ နှုတ်ထွက်စကားများ နူးညံ့ချိုသာရပါမည်။ မိဘများ၊ ဆရာသမားများနှင့် ကိုယ့်ထက် သက်ကြီးဝါကြီးလူကြီးများ၏ရှေ့မှာ လမ်းဖြတ်သွားလျှင် ကိုယ်ကိုညွတ်၍ သွားရသည်။ လမ်းသွားလျှင် သံဃာတော်များ၏အရိပ်ကို မနင်းမိစေရန် သွားရမည်။ လူကြီးမိဘများနှင့် ထမင်းအတူစားလျှင် စားဦးစားဖျားများကို ဦးချပြီးမှ စားသောက်ရမည်။ စားသောက်ပြီးလျှင် ကျန်းမာရေးအသိနဲ့ လက်ကို သန့်ရှင်းစင်ကြယ်အောင် ဆပ်ပြာနှင့်တိုက်ကာ ရေနှင့်ဆေးကြောရပါမည်။

ထိုသို့သော မြန်မာ့ယဉ်ကျေးမှုဓလေ့သည် မြန်မာများ၌သာ တွေ့မြင်နိုင်သည်ဟု ဆရာများက ပြောဆိုဆုံးမကြပါသည်။

ယနေ့အချိန်ကာလမှာ မြန်မာ့ယဉ်ကျေးမှု၊ လူမှုကျင့်ဝတ်သာမက ကျောင်းသင်ခန်းစာများတွင် ပညာရေး၊ ကျန်းမာရေးစာကဗျာ၊ အလင်္ကာ၊ ပန်းချီ၊ ဂီတ၊ အနုသုခုမပညာများ၊ အသက်မွေးဝမ်းကျောင်းပညာများ၊ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်မြင့်မားအောင် ဘက်စုံပညာရေးများကို ထူးချွန်အောင် သင်ကြားပြသပေးနေကြပါပြီ။ နိုင်ငံတော်က အရည်အသွေးပြည့်ဝသည့် ဘက်စုံပညာရေးစနစ် တိုးတက်ဖြစ်ပေါ်လာစေရေး၊ တစ်နိုင်ငံလုံး ပညာရည် မြင့်မားရေးအတွက် ဦးတည်လုပ်ဆောင်နေပါသည်။

ကုလသမဂ္ဂပညာရေး သိပ္ပံနှင့်ယဉ်ကျေးမှုဆိုင်ရာအဖွဲ့အစည်း (ယူနက်စကို)က ၁၉၉၄ ခုနှစ်မှစ၍ နှစ်စဉ်နှစ်တိုင်း အောက်တိုဘာ ၅ ရက်ကို ကမ္ဘာ့ဆရာများနေ့ (Word Teacher Day) အဖြစ် သတ်မှတ်ခဲ့ကြသည်။ ထိုကမ္ဘာ့ဆရာများနေ့တွင် ကမ္ဘာတစ်ဝန်းမှာ ဂုဏ်ပြုပွဲအခမ်းအနားများ ကျင်းပခဲ့ကြပါသည်။ မြတ်ဆရာပူဇော်ပွဲများလည်း နှစ်စဉ်နှစ်တိုင်း ကျင်းပဆင်နွှဲကြပါသည်။

အချုပ်အားဖြင့်ဆိုရသော် ငယ်ရွယ်စဉ်ဘဝက ပညာသင်ပေးခဲ့ကြသည့် မြတ်ဆရာများသည် အချိန်နဲ့ဘဝကို မြှုပ်နှံပြီး အင်တိုက်အားတိုက် အားသွန်ခွန်စိုက် ပညာသင်ပေးခဲ့ကြပါသည်။ ဘဝတစ်သက်တာ ပညာ၊ သမ္မာ၊ ရိုးသားခြင်း၊ ဂုဏ်သိက္ခာနှင့် ပီတိစားကာ အားရှိခဲ့ကြသည့် မြတ်ဆရာများ၏ ဂုဏ်ကျေးဇူးများကို အထူးသိတတ်စွာ အထူးကျေးဇူးဆပ်ကြစေလိုကြောင်း ‘ကမ္ဘာ့ဆရာများနေ့’ကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။

**မိုးထက်ကို(အမရပူရ)**

မုတာစရိယ–သင်ဆရာ၊ ဒိဋ္ဌာစရိယ–မြင်ဆရာ၊
သုတာစရိယ –ကြားဆရာတို့သည်
မိလိန္ဒပဉှာကျမ်းတွင် ဆရာဂုဏ်အင် (၂၅)ပါးမှာ
ပါရှိပါသည်။ ပညာသင်ကြားပို့ချပေးသူကို ‘အာစရိယ’
ဆရာ၊ လိမ္မာရေးခြားရှိစေရန် ပဲ့ပြင်ဆုံးမတတ်သူကို
‘ဥပဇ္ဈာယ်’ ဆရာ ဟူ၍လည်း အဆိုရှိပါသည်။
မည်သို့ပင်ဆိုစေ မြတ်ဆရာတိုင်းသည် စေတနာ၊
ဝါသနာ၊ အနစ်နာတည်း ဟူသော တစ်ခုတည်းသော
ဝါဒကို လက်ကိုင်ထားကြသူများ ဖြစ်ကြပါသည်။

# ‘ဒေါင်းရာဇာ’ တိုင်းရင်းဆေး ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်နှင့် ပတ်သက်၍ အများသိစေရန် အသိပေးကြေညာချက်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ ၆၇လမ်းနှင့် ၆၈လမ်းကြား၊ ၃၇(ဘီ)လမ်းသွယ်၊ အကွက်(အပိုင်း-၃/၄-င)နေ ဦးစည်သူဝင်း (ဘ) ဦးသန်းဝေ(၉/မဟမ(နိုင်)၀၄၂၈၈၄)နှင့် ဦးပြည့်စုံအောင်(ဘ)ဦးဝင်းနိုင်ဦး(၉/မဟမ(နိုင်)၀၅၆၃၁၆)တို့၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာလိုက်သည်။

၁။ ကျွန်ုပ်၏မိတ်ဆွေများသည် ‘ဒေါင်းရာဇာ’အမှတ်တံဆိပ်ကို (၂၀၂၂)ခုနှစ်မှစ၍ မိမိတို့၏ ကိုယ်ပိုင်အသိဉာဏ်၊ ကြိုးပမ်းမှုတို့ဖြင့် တီထွင်ဖန်တီးခဲ့ပြီး တိုင်းရင်းဆေးဝါးများနှင့် ကျန်းမာရေးအထောက်အကူပြုစားသောက်ကုန်များကို ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချရန်မူပိုင်ခွင့်တင်သွင်းထားသော အမှတ်တံဆိပ် တစ်ခုဖြစ်ပါသည်။

၂။ အဆိုပါ ‘ဒေါင်းရာဇာ’အမှတ်တံဆိပ်၏ ပိုင်ဆိုင်ခွင့်နှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေများက မန္တလေးမြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ မှတ်ပုံတင်မြွက်ဟကြေညာစာချုပ်အမှတ်(၆၈၅/၂၀၂၂)အရ တရားဝင်မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။ ထို့အပြင် ၂၀၁၉ခုနှစ်၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ဥပဒေနှင့်အညီ မူပိုင်ခွင့်ဦးစီးဌာနတွင် အမှတ်တံဆိပ်မူပိုင်ခွင့်လျှောက်ထားချက်အမှတ် MM/T/2023/004194 ဖြင့် မူပိုင်ခွင့်မှတ်ပုံတင်ရန် တရားဝင်လျှောက်ထားဆောင်ရွက်ဆဲဖြစ်သောကြောင့် ဥပဒေအရ အကာအကွယ်ရရှိပြီးဖြစ်သည့် မူပိုင်ခွင့်တစ်ခုဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်၏မိတ်ဆွေများသည် ‘ဒေါင်းရာဇာ’အမှတ်တံဆိပ်၏ တစ်ဦးတည်းသော တရားဝင် မူပိုင်ခွင့်ကို ပိုင်ဆိုင်သူများဖြစ်ပါသည်။

၃။ သို့ရာတွင် မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်နေ ဦးခင်မောင်ဦး(ဘ)ဦးတိုက်ကလေး(၉/မရတ(နိုင်)၁၂၁၉၃၂)ကိုင်ဆောင်သူသည် ကျွန်ုပ်တို့၏ မိတ်ဆွေများ တရားဝင်ပိုင်ဆိုင်သော ‘ဒေါင်းရာဇာ’အမှတ်တံဆိပ်အား မိမိပိုင်ဆိုင်လေဟန်ဖြင့် ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနသို့ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်လျှောက်ထားခြင်း၊ အမှတ်တံဆိပ်အမည်သစ်ကို အသုံးပြု၍ မူလအမှတ်တံဆိပ်နှင့် ဆင်တူယိုးမှားဖြစ်အောင် ဖန်တီးကာ သံတူကြောင်းကွဲအဖြစ် အများပြည်သူ ထင်ယောင်ထင်မှားဖြစ်စေရန် ရည်ရွယ်ချက်ရှိရှိဖြင့် တိုင်းရင်းဆေးဝါးများ ထုတ်လုပ်လျက်ရှိကြောင်း သိရှိရပါသည်။

၄။ ဤနေရာတွင် ဥပဒေဆိုင်ရာ ဖွင့်ဆိုရှင်းလင်းချက်ကို အများပြည်သူ နားလည်သဘောပေါက်စေရန် အောက်ပါအတိုင်း ရှင်းလင်းအပ်ပါသည်-

* (က) ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်နှင့် ဆေးဝါးမှတ်ပုံတင်ခြင်းသည် သက်ဆိုင်မှုမရှိခြင်း။

ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် (Trademark Right)ဆိုသည်မှာ ကုန်စည်တစ်ခုကို အခြားကုန်စည်တစ်ခုမှ ခွဲခြားသိရှိနိုင်စေရန် အသုံးပြုသည့် အမှတ်အသား၏ ပိုင်ဆိုင်ခွင့်ဖြစ်ပြီး မူပိုင်ခွင့်ဦးစီးဌာနမှ စီမံခန့်ခွဲပါသည်။ ဆေးဝါးမှတ်ပုံတင်ခြင်း(Medicine Registration)ဆိုသည်မှာ တိုင်းရင်းဆေးပညာဦးစီးဌာနက ဆေးဝါးတစ်မျိုး၏ ဘေးအန္တရာယ်ကင်းရှင်းမှုနှင့် ထိရောက်အကျိုးရှိမှုကို စစ်ဆေး၍ ထုတ်လုပ်ခွင့်ပြုခြင်းသာဖြစ်ပြီး အဆိုပါဆေးတွင် အသုံးပြုသည့် အမည်အမှတ်တံဆိပ်၏ ပိုင်ဆိုင်ခွင့်ကို အတည်ပြုပေးခြင်း လုံးဝမဟုတ်ပါ။ ထို့ကြောင့် ဦးခင်မောင်ဦးအနေဖြင့် ဆေးဝါးမှတ်ပုံတင်လျှောက်ထားခြင်းသည် ‘ဒေါင်းရာဇာ’အမှတ်တံဆိပ်အပေါ်၌ မည်သည့်ဥပဒေဖြင့်မဆို အမှတ်တံဆိပ်ပိုင်ဆိုင်ခွင့်ကိုမျှ ရရှိစေခြင်း မရှိပါ။

* (ခ) ဆင်တူယိုးမှား အမှတ်တံဆိပ်အသုံးပြုခြင်းသည် ဥပဒေကို ချိုးဖောက်ခြင်းဖြစ်ပါသည်။ ‘ဒေါင်းရာဇာ’ဟူသော မူလအမှတ်တံဆိပ်နှင့် အများပြည်သူမှားယွင်းနိုင်လောက်အောင် ဆင်တူသည့် အမည်ကို အသုံးပြုခြင်းသည် ၂၀၁၉ခုနှစ်၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ဥပဒေပါ ပြဋ္ဌာန်းချက်များကို တိုက်ရိုက်ချိုးဖောက်ရာရောက်ပြီး တရားမနစ်နာမှု (Passing Off )လည်း ဖြစ်ပါသည်။

၅။ ထို့အပြင် ဦးခင်မောင်ဦးသည် ဆိုရှယ်မီဒီယာ၏ တစ်စိတ်တစ်ပိုင်းဖြစ်သော မန္တလေးနေ့စဉ်သတင်းစာတွင် ကြေညာချက်များ ထည့်သွင်းခြင်းဖြင့် အများပြည်သူကို အထင်အမြင်လွဲမှားစေသည့်အပြင် ကျွန်ုပ်တို့၏မိတ်ဆွေများအား ၄င်းတို့တရားဝင်ပိုင်ဆိုင်သော အမှတ်တံဆိပ်ကို အသုံးမပြုရန် ပိုင်ရေးပိုင်ခွင့်မရှိဘဲ တားမြစ်ခြင်းများ ပြုလုပ်လာသည်ကိုပါ တွေ့ရှိရပါသည်။ ဤသည်မှာ ကျွန်ုပ်မိတ်ဆွေများ၏ စီးပွားရေးလုပ်ငန်းဂုဏ်သိက္ခာကို တိုက်ရိုက်ထိပါးစော်ကားခြင်းဖြစ်ပြီး ဥပဒေအရ နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်စေပါသည်။

၆။ သို့ဖြစ်ပါ၍ ဦးခင်မောင်ဦးအပါအဝင် မည်သူမဆို ကျွန်ုပ်တို့၏မိတ်ဆွေများ တရားဝင်မူပိုင်ခွင့်ရရှိထားသော ‘ဒေါင်းရာဇာ’ကုန်အမှတ်တံဆိပ်နှင့် တိုက်ရိုက်တူညီသော သို့မဟုတ် အများပြည်သူထင်ယောင်ထင်မှားဖြစ်စေနိုင်လောက်သည့် ဆင်တူယိုးမှား အမှတ်တံဆိပ်များကို အသုံးပြု၍ တိုင်းရင်းဆေးဝါးများ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း၊ ကြော်ငြာခြင်း၊ တစ်နည်းနည်းဖြင့် အကျိုးအမြတ်ရယူသုံးစွဲခြင်းများ မပြုလုပ်ကြပါရန်နှင့် အမှတ်တံဆိပ်ပိုင်ရေးပိုင်ခွင့်မရှိဘဲ ဆေးဝါးမှတ်ပုံတင်လျှောက်ထားရယူထားခြင်းများကို မည်သူက ပြုလုပ်သည်ဖြစ်စေ ဤကြေညာချက်ဖြင့် ကျွန်ုပ် အတိအလင်း တားမြစ်လိုက်သည်။

၇။ အကယ်၍ ဤတားမြစ်ချက်ကို လိုက်နာခြင်းမရှိဘဲ ဤသတင်းစာကြေညာချက်ပါရှိပြီးသည့် နောင်ကာလများတွင် ဆက်လက်ကျူးလွန်ဆောင်ရွက်နေပါက ကျူးလွန်ဆောင်ရွက်သူမည်သူ့ကိုမဆို တရားမကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူကာ ဖြစ်ပေါ်လာသော နစ်နာမှုများအတွက် တရားဥပဒေနှင့်အညီ အထွေထွေနစ်နာကြေး၊ အထူးလျော်ကြေးနှင့်တကွသော ထိုက်တန်သည့် နစ်နာကြေး၊ လျော်ကြေးများရရှိသည်အထိ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် တရားစရိတ်ကိုပါ ကျူးလွန်သူတို့အပေါ်တွင် တာဝန်ထားရှိစေမည်ဖြစ်ကြောင်း ဦးခင်မောင်ဦးနှင့်တကွ အများသိစေရန် အလေးအနက် အသိပေးကြေညာလိုက်သည်။

**လွှဲအပ်ချက်အရ**

**ဒေါ်ခင်နီနီစိုး (LL.B) (တရားလွှတ်တော်ရှေ့နေ)**

**အမှတ်(၁၈၉)၊ လမ်း ၈၀၊ ၁၉လမ်းနှင့် လမ်း၂၀ကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း 02-4068839, 09-2006029, 09-792006029, 09-692006029**

**Lady lawyer.khinninisoe@gamil.com**

❖ **နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းအရ ဖြေရှင်းနိုင်ရန် ငြိမ်းချမ်းရေးတံခါးကိုအစဉ်ဖွင့်လှစ် ကြိုဆိုလျက်ရှိပါသည်။ ...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

❖ **နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။**

❖ **နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။**

## တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ကျောက်မဲမြို့အား ပြန်လည်ထိန်းချုပ် ကျောက်မဲ - နောင်ချို - ပြင်ဦးလွင် ပြည်ထောင်စုကားလမ်းပိုင်းတွင် ခရီးသွားပြည်သူများနှင့် မော်တော်ယာဉ်များ ပုံမှန်အတိုင်း ပြန်လည်သွားလာနိုင်ရေး နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၁

TNLA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အနေဖြင့် ၂၀၂၁ ခုနှစ် နိုင်ငံရေးဖြစ်စဉ်နှင့် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၇ ရက်မှ စတင်ခဲ့သည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသတိုက်ပွဲစဉ်များ၏ နောက်ဆက်တွဲ အခြေအနေများကို အခွင့်ကောင်းယူ၍ အစိုးရအုပ်ချုပ်မှုယန္တရား ပျက်ပြားစေရေးနှင့် ၎င်းတို့၏ ပလောင်ပြည်နယ်ရရှိရေး စိတ်ကူးယဉ်အိပ်မက်ကို အကောင်အထည်ဖော်ရန်အတွက် နိုင်ငံရေးနည်းလမ်းဖြင့် ရယူခြင်းမရှိဘဲ လက်နက်ကိုင်အကြမ်းဖက်လမ်းစဉ်ဖြင့် ရယူရန်အတွက် EAO အဖွဲ့အချို့၏အကူအညီများ ရယူပြီး PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများကို ရှေ့ကာတပ်အဖြစ် အသုံးချကာ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ ကျောက်မဲမြို့နှင့် နောင်ချိုမြို့ အပါအဝင် မြို့/ရွာအချို့အား ခေတ္တစိုးမိုးထိန်းချုပ်ခဲ့သည်။

ထို့ကြောင့် တပ်မတော်အနေဖြင့် TNLA အဖွဲ့နှင့် DPLA ၊ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ ခေတ္တစိုးမိုးထားသည့် မြို့/ရွာများအား ပြန်လည်သိမ်းပိုက် ထိန်းချုပ်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter– Terrorism Operation) များကို ဆောင်ရွက်ခဲ့ရာ နောင်ချိုမြို့အား ၂၀၂၅ ခုနှစ် ဇူလိုင် ၁၆ ရက်တွင် ပြန်လည်သိမ်းပိုက်ထိန်းချုပ်ခဲ့ပြီး အဆိုပါဒေသတွင် ကုန်စည်စီးဆင်းမှုအတွက် အဓိကအရေးပါသည့်ပြည်ထောင်စုလမ်းမကြီးဖြစ်သော မန္တလေး-လားရှိုး-မူဆယ် လမ်းမကြီးပေါ်ရှိ အဓိကလမ်းပိုင်းဖြစ်သည့် နောင်ချို-ကျောက်မဲလမ်းပိုင်းအား ပြန်လည်ဖွင့်လှစ်နိုင်ရေး *စာမျက်နှာ ၈ သို့* ◆

*စာမျက်နှာ ၈ သို့*



တပ်မတော် စစ်ကြောင်းများအား ဒေသခံတိုင်းရင်းသားပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုနေကြသည်ကို တွေ့ရစဉ်။

## ရာမညယူနိုက်တက်(ယူ-၂၁)အသင်းကို ရန်ကုန်ယူနိုက်တက် (ယူ-၂၁)အသင်း ဂိုးပြတ်အနိုင်ရရှိ




**ရန်ကုန် အောက်တိုဘာ ၁**

ရန်ကုန်ယူနိုက်တက်(ယူ-၂၁)အသင်း၏ MNL Youth (U-21) League Week (23) အဖြစ် ရာမညယူနိုက်တက် (ယူ-၂၁)အသင်းကို YUSC ကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့ပြီး ငါးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ရန်ကုန်လူငယ်အသင်းသည် ပထမပိုင်းစစချင်းမှာပင် ရာမညလူငယ်အသင်းကို ထိုးဖောက်တိုက်စစ်ဆင်မှုများပြုလုပ်ခဲ့သော်လည်း အဆုံးသတ်လွဲချော်မှုများကြောင့် ဂိုးမရရှိခဲ့ပေ။ ရာမညလူငယ်အသင်းသည် မိနစ် ၃၀ တွင် စိုးမောင်မောင်က ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး ရန်ကုန်လူငယ်အသင်းကို ပထမပိုင်းတွင် တစ်ဂိုး၊ ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ရန်ကုန်လူငယ်အသင်းသည် ဒုတိယပိုင်းတွင် တိုက်စစ်မြှင့်တင်ကစားခဲ့ပြီး ပွဲချိန် ၅၀ မိနစ်တွင် ချေပဂိုးရရှိခဲ့ကာ မင်းသန့်ဘိုက အလွတ်တည်ကန်ဘောမှတစ်ဆင့် လှလှပပသွင်းယူပေးခဲ့သည်။ ထို့နောက် ရန်ကုန်လူငယ်အသင်းက ဦးဆောင်ဂိုးကို ပွဲချိန် ၆၃ မိနစ်တွင် ရရှိခဲ့ပြီး ဇော်ဘိုထွဋ်က သွင်းယူပေးခဲ့သည်။ ထို့နောက် ရာမညလူငယ်အသင်းမှ ချေပဂိုးပြန်လည်ရရှိခဲ့ကာ ပွဲချိန် ၆၅ မိနစ်တွင် ဥက္ကာမင်းသန့်က သွင်းယူပေးနိုင်ခဲ့ခြင်းဖြစ်သည်။ ယနေ့ပွဲစဉ်တွင် မဖြစ်မနေအနိုင်ရရှိဖို့ လိုအပ်နေသည့် ရန်ကုန်လူငယ်အသင်းက ဦးဆောင်အနိုင်ဂိုးများ ပြန်လည်ရရှိရေး ဖိအားပေးကစားခဲ့ပြီး ပွဲချိန် ၇၈ မိနစ်တွင် ရာမညလူငယ်အသင်းဂိုးသမား၏ ရန်ကုန်လူငယ်အသင်း တိုက်စစ်ကစားသမား ဇော်ဘိုထွဋ်အပေါ် ဥပဒေပြင်ပကျူးလွန်မှုကြောင့် ရန်ကုန်လူငယ်အသင်းက ပင်နယ်တီရရှိခဲ့သည်။ ထိုပင်နယ်တီအား ရန်ကုန်လူငယ်အသင်း တိုက်စစ်ကစားသမား မောင်တော့က အဆုံးသတ်ပေးခဲ့ပြီး ရန်ကုန်လူငယ်အသင်း ဦးဆောင်ဂိုး ရရှိခဲ့သည်။ ထို့နောက် ရန်ကုန်လူငယ်အသင်းအတွက် စတုတ္ထဂိုးနှင့် ပဉ္စမဂိုးတို့ကို ဆက်တိုက်ရရှိခဲ့ပြီး ပွဲချိန် ၈၉ မိနစ်နှင့် ပွဲပြီး နာကျင်အချိန်ပို ၂ မိနစ်တွင် ဇော်ဘိုထွဋ်နှင့် ထက်ဝေယံစိုးတို့က သွင်းယူပေးနိုင်ခဲ့ခြင်းဖြစ်သည်။

ရန်ကုန်ယူနိုက်တက် (ယူ-၂၁)အသင်းသည် လက်ရှိတွင် (၂၃)ပွဲကစား၊ (၁၅)ပွဲနိုင်၊ (၄) ပွဲသရေ၊ (၄) ပွဲရှုံး၊ ရမှတ် ၄၉ မှတ်ဖြင့် အဆင့်(၂)နေရာတွင် ယာယီ ရပ်တည်လျက်ရှိပြီး လာမည့် အောက်တိုဘာ ၉ ရက်တွင် ဧရာဝတီယူနိုက်တက် (ယူ-၂၁)အသင်းနှင့် သီဟဒီပကွင်းတွင် ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**(NGB)**